FDB
Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၂၈ ဖေဖော်ဝါရီလ ၂၀၀၇ | သတင်းလွှာ | အမှတ် ၂၇/၂၀၀၇



"တိတ်ဆိတ်နေတဲ့အချိန်မှာ စပြီးတော့ပွင့်ထွက်လာတဲ့အသံတခုကြောင့် အမှန်တကယ်ပါပဲ၊ အိပ်မောကျသလိုဖြစ်နေတဲ့လူတွေကတော့ နိုးကြားလာတာတော့ အမှန်ပဲခင်ဗျ။ အဲဒီနိုးကြားလာတာရဲ့နောက်မှာ တကယ့်ကို ပြည်သူတရပ်လုံးဟာ ငါတို့မှာ ဒီအခွင့်အရေးတွေ တကယ်ရှိနေပါလားဆိုတဲ့ အသိတရားတခု ပြန်ရလာပါလိမ့်မယ်။ အဲဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန်သုံးစွဲမှုသာလျှင် ငါတို့ရဲ့ဘဝဟာ ဒီထက်ပိုပြီးတော့ မြင့်မားလာမယ်။ အမှောင်တိုက်ထဲကနေ အလင်းကိုရောက်မယ်။ နိမ့်ပါးမှုကနေ မြင့်လာမယ်။ ဘဝရဲ့အာမခံချက် ရှိလာမယ်။ အရှင်းဆုံးပြောရရင်တော့ လူဟာ လူလိုနေရမယ်ဆိုတဲ့ အသိကိုပါရလာဖို့ အခြေခံပေးလိုက်တယ်လို့ပဲ ကျနော်မြင်တယ်"

ရန်ကုန်မြို့လယ်က ဆန္ဒပြပွဲနဲ့ပတ်သက်ပြီး ဗကသဥက္ကဌကိုမင်းကိုနိုင်ရဲ့ ပြောကြားချက်မှ

---

ပြည်သူလူထုရဲ့ ဘဝနဲ့ဆန္ဒတထပ်တည်းဖြစ်လာအောင်
လုပ်ကြရမှာပါ။ ဘဝနဲ့ဆန္ဒ၊ လက်တွေ့နဲ့အသိ
တစ်ထပ်တည်း ပေါင်းစပ်နိုင်တဲ့အခါမှာ
ဘယ်လိုအာဏာရှင်မျိုးမှ ချေမှုန်းခြင်းငှာ မစွမ်းသာတဲ့အင်အားကို ...

**"အမျိုးသားရေး ဦးဝင်းနိုင်သို့"**
**(စာမျက်နှာ ၅)**

---

ဘယ်ခေတ် ဘယ်စနစ်မှာဖြစ်ဖြစ်
အုပ်စိုးသူဟာ အာဏာကို လွယ်လွယ်နဲ့
တောင်းယူယုံနဲ့ ရခဲ့တယ်ဆိုတာ
ဘယ်သမိုင်းမှာမှ မရှိခဲ့ပါဘူး၊

**"အမှာစကား"**
**(စာမျက်နှာ ၂)**

---

"ဒီမယ်ကောင်လေး နားထောင်စမ်း
ငါတို့ အဲဒီလိုမှ မတ်တပ်မရပ်နိုင်ခဲ့ရင်"
"ဟာလမ်"ဆိုတဲ့နေရာ ပေါ်မလာခဲ့ဘူး၊
ငါတို့လူမျိုးတွေ ခုလိုလူရာဝင်ခဲ့မှာ မဟုတ်ဘူးကွ"

**"ဂေဗွန်လက်သစ်များ"**
**(စာမျက်နှာ ၁၂)**

---

အဲဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန်
သုံးစွဲမှုသာလျှင် ငါတို့ရဲ့ ဘဝဟာ
ဒီထက်ပိုပြီးတော့ မြင့်မားလာမယ်၊
အမှောင်တိုက်ထဲကနေ အလင်းကို ရောက်မယ်၊
နိမ့်ပါးမှုကနေ မြင့်လာမယ်၊ ဘဝရဲ့ အာမခံချက် ရှိလာမယ်။

**"သူတို့၏ အမြင်များ"**
**(စာမျက်နှာ ၇)**

---

ကျွန်တော်တို့တိုင်းပြည်ကို
ပြောင်းလဲအောင် ပြုလုပ်ခဲ့တဲ့တော်လှန်ရေးတွေ
လူထုလှုပ်ရှားမှုတွေမှာ
စာပေရဲ့အခန်းက မသေးပါဘူး၊

**"တော်ဘုရားလေး စာပေဆုပေးပွဲ"**
**(စာမျက်နှာ ၁၄)**

---

နိုင်ငံရေး၊ စည်းရုံးရေး လက်တွေ့အရပြောရရင် မြန်မာ့နိုင်ငံရေး
ရေ့တိုးနောက်ဆုတ်ကို ကိုယ်စားပြုနိုင်တဲ့လူပုဂ္ဂိုလ်နဲ့
ပေါ်လစီသြဇာရှိသူဟာ လက်ရှိအခြေအနေမှာတော့
ဒေါ်အောင်ဆန်းစုကြည်သာ ဖြစ်ပါတယ်၊

**"... ပြတ်ပြတ်သားသား ဆန့်ကျင်ကြ"**
**(စာမျက်နှာ ၁၀)**

# အမှာစကား

## လူထုအားနှင့် အောင်ပွဲကို အရယူကြ

(၁၃၅၀) ပြည့် ရှစ်လေးလုံးဒီမိုကရေစီ ပြည်သူ့အရေးတော်ပုံကြီးထဲက ပေါ်ထွက်လာတဲ့
"ကိုယ်တော်မှိုင်း ရာဇဝင်တွေလည်းရှိုင်းခဲ့ရပြီ အဘိုးရေ
သခင်အောင်ဆန်း နိုင်ငံတော်လည်းသွေးစွန်းခဲ့ပြီ အဖရေ"ဆိုတဲ့ တိုက်ပွဲတေးသံဟာ ယနေ့တိုင် ပျံ့လွင့်လို့နေဆဲပါ။

မြန်မာနိုင်ငံရဲ့ လက်ရှိကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာနဲ့ အထွေထွေအကျပ်အတည်းများကို ဖြေရှင်းနိုင်ဖို့ဆိုရင် ဒီမိုကရေစီအင်အားစုတွေကြားမှာ လူထုတွေကြားမှာ ဘုံရန်သူဖြစ်တဲ့ နအဖစစ်အုပ်စုအပေါ်မှာ အတွေးအခေါ်အရ ရှင်းလင်းပြတ်သားနေဖို့လိုပါတယ်။ ဒီနေ့ ရင်ဆိုင်နေရတဲ့ အုပ်စိုးသူဟာ အဆိုးဝါးဆုံး၊ အဖောက်ပြန်ဆုံး၊ အရက်စက်ဆုံးဖြစ်တဲ့ ဖက်ဆစ်စစ်အာဏာရှင်စနစ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းမှာ ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ ကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ ပါလီမာန်ဒီမိုကရေစီခေတ်၊ မဆလခေတ်တွေထက်ကို နိုင်ငံရေးအင်အားစုတွေအပေါ်မှာ၊ ပြည်သူလူထုတွေအပေါ်မှာ၊ တိုင်းရင်းသားအင်အားစုတွေအပေါ်မှာ ဖိနှိပ်ချုပ်ချယ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ သွေးခွဲသပ်သျှိမှု၊ အပြုတ်တိုက်ချေမှုန်းမှုတွေဟာ အဆိုးဆုံးဖြစ်ပါတယ်။ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့ကြတဲ့ ရှေးလူကြီးသူမများရဲ့ စကားအရဆိုရင် ဘယ်ခေတ်မှာမှ မကြုံဘူးတဲ့ အဆိုးဆုံးသော အထွေထွေဆင်းရဲကျပ်တည်းမှုကြီးကို ပြည်သူအတွေက ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ပြောင်းလဲမှုဖြစ်စဉ်ကြီးထဲမှာ မြန်မာနိုင်ငံရဲ့ လူမျိုးပေါင်းစုံပြည်သူတွေကတော့ အများကြီး ခေတ်နောက်ကျကျန်နေခဲ့ပြီး ခေတ်နောက်ပြန်ဆွဲတဲ့ စစ်အာဏာရှင်အုပ်စိုးသူတွေရဲ့ အောက်မှာပဲ ရှိနေသေးတာ လွန်စွာမှ ကြေကွဲစရာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့ တောင်းဆိုတိုက်ပွဲဝင်မှုကနေရရှိထားတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ၉၀ ခုနှစ်ရွေး ကောက်ပွဲရလဒ်ကို အခု နအဖစစ်အုပ်ဟာ လမ်းပြမြေပုံ (၇)ချက်နဲ့ ဖျောက်ဖျက်ဖို့ ကြိုးစားနေပါတယ်။ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်နဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ဖို့ဆိုရင် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးဟာ လူမျိုးပေါင်းစုံပြည်သူတရပ်လုံးရဲ့ အဓိကတာဝန် ဖြစ်ပါတယ်။ နအဖစစ်အုပ်စု အခုထိခေါင်းမာမာနဲ့ လမ်းပြမြေပုံဆိုတာကို အသေဆုပ်ကိုင်ပြီး ဖက်တွယ်ထားနိုင်တာဟာ ပြည်တွင်းပြည်ပ နိုင်ငံရေးအင်အားစုတွေက လူထုအားကို မိမိရရ မဆုတ်ကိုင်နိုင်လို့ ဖြစ်ပါတယ်။ သူ့အကြောက်ဆုံးက လူထုအား၊ လူထုလက်နက်ပဲဖြစ်ပါတယ်။ (၄၈)ကနေပဲ ပြန်ကြည့်ကြည့်၊ (၆၂)ခုနှစ်ကပဲ ပြန်ကြည့်ကြည့် လူထုမပါတဲ့၊ လူထုကိုအခြေမခံတဲ့၊ လူထုကို မယုံကြည်တဲ့၊ လူထုထောက်ခံမှု၊ ပူးပေါင်းပါဝင်မှုမရှိတဲ့ တိုက်ပွဲတွေဟာ ဘယ်လိုနည်းနာပဲ သုံးသုံး (လူထုတိုက်ပွဲနည်း၊ လက်နက်ကိုင်တိုက်ပွဲနည်း၊ တွေ့ဆုံဆွေးနွေးတဲ့နည်း၊ ငြိမ်းချမ်းတဲ့နည်း၊ အကြမ်းမဖက်တဲ့နည်း၊ သံတမန်နည်း၊ နိုင်ငံတကာဖိအားနည်း)၊ နောက်ဆုံးလက်နက်နဲ့ ဒီမိုကရေစီလဲတဲ့နည်းဖြစ်ဖြစ်၊ လက်နက်ချအညံ့ခံတဲ့နည်းဖြစ်ဖြစ် ဒါတွေဟာ ဘာမှ စစ်မှန်တဲ့ အပြောင်းအလဲကို ဖော်ဆောင်မပေးနိုင်ပါဘူး။ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ကာကွယ်ပေးဖို့ မပြောနဲ့ ကိုယ့်ရဲ့ နိုင်ငံရေးရပ်တည်မှု၊ ကာကွယ်မှု၊ ရှင်သန်မှုတွေတောင် ပျောက်သွားခဲ့ကြတာ ဖြစ်ပါတယ်။

၁၃၀၀ ပြည့်အရေးတော်ပုံ၊ ဖက်ဆစ်ဂျပန်တော်လှန်ရေး၊ ၁၉၇၅-၇၆ ခုနှစ် ဖဆပလရဲ့ အထွေထွေသပိတ်တိုက်ပွဲကြီးတွေဆင်ပြီး လွတ်လပ်ရေးကို တနှစ်အတွင်းပေးမလား မပေးဘူးလားဆိုတဲ့ လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲကို ပေါင်းစပ်ဖို့ ပြင်ဆင်တည်ဆောက်မှုများဟာ လူထုကိုအခြေခံပြီး တိုက်ပွဲဝင်ခြင်းဖြင့် လွတ်လပ်ရေးကို အရယူခဲ့တဲ့ သမိုင်းသင်ခန်းစာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မျိုးဆက်ခေတ် (၁၃၅၀)ပြည့် ဒီမိုကရေစီအရေးတော်ပုံကြီးဟာလည်း မဆလ တစ်ပါတီအာဏာရှင်စနစ်ကို လူထုနည်းနဲ့ တိုက်ပွဲဝင်ခြင်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ အထွေထွေရွေးကောက်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဖိနှိပ်သူနဲ့ အဖိနှိပ်ခံ၊ အုပ်စိုးသူနဲ့ အအုပ်ချုပ်ခံ၊ အာဏာရှိနဲ့ အာဏာမဲ့၊ လက်နက်ရှိနဲ့ လက်နက်မဲ့ စတဲ့ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့ဆိုရင် နိုင်ငံရေးကို ဦးဆောင်တဲ့ လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်း၊ တပ်ပေါင်းစုများဟာ လူထုကို ယုံကြည်ဖို့၊ လူထုအားကို အရယူဖို့၊ လူထုရဲ့ ထောက်ခံပူးပေါင်းပါဝင်မှုကို အရယူဖို့ စတဲ့ပြင်ဆင်တည်ဆောက်မှုတွေနဲ့အတူ မှန်ကန်တဲ့နိုင်ငံရေးဦးဆောင်မှုနဲ့ ရှေ့တန်းကနေ ရဲရဲရင့်ရင့် ချီတက်တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့အဓိက အင်အားဟာ ကိုယ့်လူထုအတွင်းမှာပဲ ရှိပါတယ်၊ နယ်ခြားမှာ နိုင်ငံတကာမှာ မရှိပါဘူး။ ကယ်တင်ရှင် မင်းလောင်းမျှော်တဲ့ အတွေးအခေါ်ဟာ မြန်မာနိုင်ငံကို ကျွန်သက်ရှည်ခဲ့တာ သမိုင်းမှာ အထင်အရှားရှိပါတယ်။

ဘယ်ခေတ် ဘယ်စနစ်မှာဖြစ်ဖြစ် အုပ်စိုးသူဟာ အာဏာကို လွယ်လွယ်နဲ့ တောင်းယူယုံနဲ့ ရခဲ့တယ်ဆိုတာ ဘယ်သမိုင်းမှာမှ မရှိခဲ့ပါဘူး၊ ပြည်သူတွေရဲ့ တောင်းဆိုတိုက်ပွဲဝင်မှုနဲ့သာ အောင်ပွဲကို ရရှိခဲ့တာဖြစ်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်-**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေး အင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## NCGUB ဝန်ကြီးအဖွဲ့နှင့် FDB ခေါင်းဆောင်များ၏ တရင်းတနှီးစကားဝိုင်း



၁၉-၂-၂၀၀၇ရက်နေ့တွင် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ရုံးအစည်းအဝေးခန်းမတွင် NCGUB ဝန်ကြီးများနှင့် FDB ခေါင်းဆောင်များ တရင်းတနှီးတွေ့ဆုံခဲ့ကြပါသည်။

ဝန်ကြီးအဖွဲ့တွင် ဒေါက်တာစန်းအောင်၊ ဦးဘိုလှတင့်၊ ဒေါက်တာတင့်ဆွေနှင့် ဦးသိန်းဦးတို့ပါဝင်ပြီး FDB ဘက်တွင် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များ (၁၈)ဦး ပါဝင်ကာ စုံစုံညီညီ တက်ရောက်ခဲ့ကြသည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ(၂၁)မှ (၂၄)အထိ ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မဟာဗျူဟာညှိနှိုင်း အစည်းအဝေးမတိုင်ခင် ကြိုတင်တွေ့ဆုံကြခြင်းလည်း ဖြစ်ပြီး –

- ယနေ့ကာလကို ဘယ်လိုရှုံ့ခုံသုံးသပ်ကြမလဲ၊
- ယနေ့ကာလ နိုင်ငံရေးတောင်းဆိုချက်က ဘာတွေဖြစ်နိုင်မလဲ၊
- ထိုတောင်းဆိုချက်များနှင့်အညီ NCGUB ၏လုပ်ငန်းစဉ်များက ဘာတွေလဲ၊
- FDB ၏ လုပ်ငန်းစဉ်များက ဘာတွေလဲ၊

စသည်တို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာခဲ့ကြကြောင်း၊ ရရှိချက်လည်း ကောင်းမွန်ကြောင်းနှင့် NCGUB နှင့် FDB တို့၏ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ညှိနှိုင်းနိုင်ခဲ့ကြသည်ဟု သိရှိရသည်။

XXXXXXX

## တပ်မဟာ (၇) တပ်ရင်း (၂၄)သို့ FDB ခေါင်းဆောင်များသွားရောက်နှုတ်ဆက်



(၇၊၂၊၂၀၀၇ ) ရက်နေ့တွင် တပ်မဟာ (၇) တပ်ရင်း (၂၄)သို့ သွားရောက် နှုတ်ဆက်သည့် ခရီးစဉ်တခုကို FDB ခေါင်းဆောင်များ အပါအဝင် တာဝန်ရှိသူများက ပြုလုပ်ခဲ့ပါသည်။

၎င်းခရီးစဉ်တွင် KNU အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာ၊ ခရိုင်ကော်မတီ ဥက္ကဋ္ဌ ဖဒိုအားတိုး၊ NLD.LA ဒု-ဥက္ကဋ္ဌ ဦးတင်အောင်နှင့် FDB ၏ ဒုတိယအတွင်းရေး မှူးချုပ်များဖြစ်သည့် ဦးကျော်ထက်၊ ကိုဌေးလင်း၊ AAPP-B မှ အတွင်းရေးမှူး ကိုဘိုကြည်၊ ကိုတင်လှိုင်နှင့် ကိုထွန်းအောင်ကျော် (NLD-LA) တို့ ပါဝင်ကြသည်ဟု သိရပါသည်။

တပ်ရင်း (၂၄)တွင် တပ်မဟာ (၇) တပ်မဟာမှူး ဗိုလ်မှူးချုပ်ဂျော်နီ၊ ဒု-တပ်မဟာမှူး ဗိုလ်မှူးကြီး ထွန်းကြိုင်နှင့် တပ်ရင်းတပ်ဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပါသည်။

လက်ရှိကာလ နိုင်ငံရေးအခြေအနေများနှင့် KNU ၏ အခန်းကဏ္ဍများအပေါ် ရင်းရင်းနှီးနှီးဆွေးနွေး ခဲ့ကြပြီး သောင်ရင်းမြစ်ကို စက်လှေများဖြင့်ဖြတ်ကူးခဲ့ကြကာ တပ်မဟာ (၇) တပ်ရင်းတပ်ဖွဲ့အသီးသီးမှ တပ်မှူးတပ်သားအားလုံးကို သွားရောက်နှုတ်ဆက်သည့် စကားဝိုင်းတခုကို ပြုလုပ်ခဲ့ကြသည်။

ထိုစကားဝိုင်းတွင် ...

“KNU ဗဟိုရဲ့ အမြော်အမြင်ရှိမှုနှင့် အဆင့်တိုင်းမှာရှိတဲ့ တပ်မှူးတပ်သားအားလုံးရဲ့ မှန်ကန်တဲ့ရွေးချယ်မှုကို ကျနော်တို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုက အလွန်ဂုဏ်ယူပါတယ်။ ဒီလိုမှန်ကန်တဲ့ ကိုင်တွယ်ဖြေရှင်းမှုများကြောင့်သာ ဆရာမန်းရှာ ထောက်ပြသလို ပွန်းပဲ့ရုံမျှသာဖြစ်ခဲ့ပြီး ပြိုပြိုကွဲကွဲ ဖြစ်သွားစေမည့် ရန်သူ့အကြံကိုက်ထဲကို ကျဆင်းမသွားရအောင် ဆယ်တင်နိုင်ခဲ့တာဖြစ်ပါတယ်” ဟု FDB ဒုတိယအတွင်းရေးမှူးချုပ် ကိုဌေးလင်းမှ ဂုဏ်ပြုအမှတ်တရစကားမှာ ထည့်သွင်းပြောကြားခဲ့သည်။

“KNU ရဲ့ နိုင်ငံရေးတာဝန်ကျေမှုတွေဟာ KNU တခုတည်းအတွက်သာမဟုတ်ပဲ တခုလုံးဆိုင်ရာ ဒီမိုကရေစီအပြောင်းအလဲကြီးအတွက်လည်း အင်မတန် အရေးကြီးပါတယ်” ဟု FDB ဒုတိယ အတွင်းရေးမှူးချုပ် ဦးကျော်ထက်ကလည်း ဂုဏ်ပြုအမှတ်တရစကားကို ဆက်လက်ပြောဆိုပြီး ညနေဘက်တွင် တပ်ရင်း(၂၄)မှ ပြန်လည်ထွက်ခွာခဲ့ကြသည်ဟု သိရှိရသည်။

# ကိုရီးယားကျောင်းသားများနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဌာနချုပ်သို့ လာရောက်တွေ့ဆုံ



(၈–၂–၂၀၀၇) နေ့ညနေပိုင်းတွင် ထိုင်းမြန်မာနယ်စပ်သို့ လာရောက်လေ့လာနေသော ကိုရီးယားကျောင်းသားများသည် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဌာနချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ထိုလေ့လာရေးအဖွဲ့ကို ဆရာမ Miss Giyoun Kim က ဦးဆောင်လာခဲ့ခြင်းဖြစ်ပြီး အဖွဲ့တွင် ကျောင်းသူ (၆)ဦး၊ ကျောင်းသား (၁)ဦးတို့ ပါဝင်သည်ဟု သိရှိရပါသည်။ ထိုအဖွဲ့လေးသည် ဘဲ့ကလော့ ဒုက္ခသည်စခန်း၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ (AAPP.B)၊ ကိုရီးယားအထက်တန်းကျောင်းနှင့် ထိုင်းမြန်မာနယ်စပ်အခြေပြု နိုင်ငံရေးအင်အားစုများကို လိုက်လံတွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်ဟု သိရှိရပြီး လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဌာနချုပ်တွင် လက်ရှိကာလ နိုင်ငံရေးအခြေအနေများအပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အမြင်၊ ပါတီ၏ ရေတိုရေရှည်လုပ်ငန်းစဉ်များ၊ ကိုရီးယားလူငယ်များနှင့် တွဲဘက်ဆောင်ရွက်နိုင်သည့် လုပ်ငန်းရပ်များ စသည့်ခေါင်းစဉ်များဖြင့် ရင်းရင်းနှီးနှီး လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြသည်။

ထိုတွေ့ဆုံပွဲတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်အပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပါတီဝင်များ၊ အမျိုးသမီးရေးရာအလုပ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်ဟု သိရှိရသည်။

XXXXXXX

# နှစ် (၆၀)ပြည့် ကရင်အမျိုးသားအစည်းအရုံး KNU နေ့ အခမ်းအနားသို့ တက်ရောက်



(၅–၂–၂၀၀၇) ရက်နေ့တွင် ကျရောက်သော နှစ် (၆၀) ပြည့် ကရင်အမျိုးသားအစည်းအရုံး (KNU) နေ့အခမ်းအနားကို ထိုင်း၊ မြန်မာနယ်စပ်တနေရာရှိ ဆာသူးလေကျောင်းတွင် ပြုလုပ်ရာ ထိုအခမ်းအနားသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ စုံညီစွာ တက်ရောက်ကြသည်။

ထိုအခမ်းအနားတွင် သဘာပတိများအဖြစ် ဗိုလ်ချုပ်ကြီး တာမလာဘော (ဒုတိယ ဥက္ကဋ္ဌ၊ KNU)၊ ပဒိုမန်းရှာ (အထွေထွေအတွင်းရေးမှူး၊ KNU)၊ ဦးမျိုးဝင်း (NCUB)၊ ဗိုလ်ချုပ်ကြီးကဆယ်ဒို (KNU)၊ ဦးအောင်မိုးဇော် (DPNS)၊ ဒေါက်တာကျော်ညွန့် (DAB)နှင့် ဦးခိုင်စိုးနိုင်အောင် (NDF) တို့က တာဝန်ယူခဲ့ကြသည်။ “ ဒီနေ့ကာလ နိုင်ငံရေးအခင်းအကျင်းတွေအပေါ် မှာ အခိုင်အမာရပ်ခံ တိုက်ပွဲဝင်နေတဲ့ ကိစ္စရပ်တွေကိုပဲ ကြည့်ကြည့်၊ တလျှောက်လုံး ဖြတ်သန်းခဲ့တဲ့ (KNU) ရဲ့ သမိုင်းကြောင်းကိုပဲ ကြည့်ကြည့် ကရင်အမျိုးသားအစည်းအရုံး (KNU)ရဲ့ နိုင်ငံရေး တာဝန်ကျေမှုတွေကို ကျနော်တို့ အထင်အရှား တွေ့မြင်နိုင်ကြပါတယ်၊ ဒီတန်ဖိုးတွေကို ကျနော်တို့ ပါတီအနေနှင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူတန်ဘိုးထားပါကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီတခုလုံးရဲ့ကိုယ်စား အလေးအနက် ပြောကြားလိုပါတယ်ဟု ” လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဦးအောင်မိုးဇော်က သဘာပတိမိန့်ခွန်းမှာ ပြောကြားသွားခဲ့သည်။ ဤအခမ်းအနားသို့ ကရင်အမျိုးသားများအပါအဝင် အဖွဲ့အစည်းအသီးသီးမှ လူ (၂၀၀)ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။

XXXXXXX

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# ဖိတ်ခေါ်ကြီး အမျိုးသားရေး ဦးဝင်းနိုင်သို့

တာမောင်ညို

ဇန္နဝါရီလ (၄)ရက်နေ့က စတင်ပြီး "ဂျမျိုးဆက်ကျောင်းသားများ"က "ရင်ဖွင့်စာရေးသားတဲ့ လှုပ်ရှားမှု" စတင်ခဲ့ပါတယ်။ လူတန်းစားလွှာ အသီးသီးက ပြည်သူများဟာ အားတက်သရောပဲ သူတို့ကြုံတွေ့ခံစားနေကြရတဲ့ ခံစားချက်တွေကို ထုတ်ဖော် ရင်ဖွင့်ရေးသားနေကြတယ်ဆိုတာကို အသံလွှင့်မီဒီယာများကတဆင့် ကြားသိနေရပါတယ်။

ပြည်သူလူထုရဲ့ ခံစားချက်တွေဟာ တကယ့်လက်တွေ့ဘဝမှာ နေ့စဉ်နဲ့အမျှ ရှောင်လွှဲလို့မရဘဲ ကြုံတွေ့နေကြရတဲ့ တကယ့် ဖြစ်ရပ်တွေဖြစ်ပါတယ်။ လုပ်ကြံလီဆယ်ထားတာ တစ်ခုမျှ မပါရှိပါဘူး။ (နအဖ)စစ်အစိုးရက ဘယ်ခေတ်နဲ့မှမတူတဲ့ အောင်မြင်မှုတွေရနေပြီလို့ လက်မထောင်ဝံ့ကြွားလေလေ၊ အများစု ပြည်သူလူထုကြီးမှာ ဘယ်ခေတ်ဘယ်အခါကမျှ မကြုံဘူး မကြားဘူးတဲ့ ဆင်းရဲဒုက္ခကို ကြုံရလေ ကြားရလေပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီလိုကြုံတွေ့နေရတဲ့ စားရေး၊ နေရေး၊ ဝတ်ရေး၊ ဆေးဝါးကုသရေး၊ ပညာရေး၊ သေရေး စတဲ့အရေးပေါင်းစုံကို ရင်ဖွင့်ရေးသားနေကြတာပဲ ဖြစ်ပါတယ်။

(နအဖ)စစ်အစိုးရကတော့ ပြည်သူလူထုရဲ့ ရင်ဖွင့်လွှာတွေကို ဂရုပြုမှာ မဟုတ်ပါဘူး။ လေးနက်မှာလဲ မဟုတ်ပါဘူး။ စာနာတတ်မှာလဲ မဟုတ်ပါဘူး ဆိုတာကိုတော့ အားလုံး(ပြည်တွင်း၊ ပြည်ပ)က နားလည်သဘောပေါက်ပြီး သားကိစ္စဖြစ်ပါတယ်။ ပြည်သူတွေ ဘယ်လိုပဲ ဆင်းရဲကျပ်တည်းကြပေမယ့် ဗိုလ်ချုပ်မှူးကြီးဟာ စက်ဘုပူသွားပြီး ဆေးကုသမှုခံယူပါတယ်။ ဗိုလ်ချုပ်မှူးကြီးသားသမီးမြေးမြစ်တစုက စက်ဘုပူကို ရှောပင်းအမြဲသွားပါတယ်။ စိန်စီသော မင်္ဂလာဆောင်မှာ တထောင်တန်ငွေစက္ကူတွေကို အထပ်လိုက်ကြဲပြီး ဘိသိတ်ခံကြပါတယ်။

(နအဖ)စစ်အစိုးရကသာ လူထုဆန္ဒ၊ လူထုလိုလားချက်၊ လူထုရင်ဖွင့်သံတွေကို လေးစားတတ်ခဲ့မယ်၊ နားလည်ခံစားတတ်ခဲ့မယ်ဆိုရင် ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ဟာ အခုလို (၁၇)နှစ်ကြာမြင့်နေစရာ ဘယ်မှာအကြောင်းရှိမှာလဲ။ ဒါ့အပြင် တွေ့ဆုံဆွေးနွေးအဖြေရှာကြပါလို့ ပြည်တွင်းပြည်ပနိုင်ငံရေး အင်အားစုတွေအားလုံး၊ နိုင်ငံသိ ထေကြီးဝါကြီး ဆရာတော်ကြီးတွေ၊ လူထုဒေါ်အမာ၊ ဆရာဒဂုန်တာရာတို့လို တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးတွေက အကြိမ်ကြိမ် အခါခါ ပန်ကြားမေတ္တာရပ်ခံနေတာကိုလည်း (နအဖ)စစ်အစိုးရက လစ်လျူရှုထားမြဲ မဟုတ်ပါလား။

(နအဖ)စစ်အစိုးရက ဘယ်လိုပဲလျစ်လျူရှုထားပါစေ။ ကျွန်တော်တို့ ပြည်သူများ၊ ဆရာတော်သံဃာတော်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးများကတော့ အခါအခွင့်သင့်တိုင်း ရင်ထဲကဆန္ဒတွေ၊ လိုလားချက်တွေကို ထုတ်ဖော်တင်ပြ နေကြရမှာပဲဖြစ်ပါတယ်။ စာနဲ့ရေးသား တင်ပြနိုင်တဲ့ နည်းလမ်းရှိရင် စာနဲ့ရေးသားတင်ပြရမှာပဲ။ အသံနဲ့ထုတ်ဖော် တင်ပြနိုင်တဲ့ နည်းလမ်းရှိရင် အသံနဲ့တင်ပြရမှာပဲ။ အရောင်နဲ့ဖော်ပြနိုင်တဲ့ နည်းလမ်းရှိရင်လည်း အရောင်နဲ့တင်ပြရမှာပဲ။ အသုံးအဆောင်တခုခု တပ်ဆင်၊ ဝတ်ဆင်၊ ချိတ်ဆွဲပြသနိုင်တဲ့ နည်းလမ်းရှိရင်လည်း တပ်ဆင်ချိတ်ဆွဲဖော်ပြကြရမှာပဲ ဖြစ်ပါတယ်။ ဖော်ပြနိုင်တဲ့နည်းလမ်းမှန်သမျှနဲ့ ဖော်ထုတ်ပြသကြရလိမ့်မယ်။ ခံစားတွေ့ကြုံရသမျှတွေကို စုစည်းကြရလိမ့်မယ်။

ဒီလိုပြည်သူလူထုရဲ့ခံစားရချက်တွေ ထုတ်ဖော်လာစေဖို့ ဒီလိုခံစားချက်တွေကို စုစည်းပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ဘဝနဲ့ဆန္ဒ၊ လက်တွေ့နဲ့အသိ၊ တစ်ထပ်တည်းဖြစ်လာဖို့၊ စုစည်းပေးဖို့ ကျွန်တော်တို့လုပ်ဆောင်ကြရပါလိမ့်မယ်။

ပြည်သူလူထုရဲ့ ဘဝနဲ့ဆန္ဒတထပ်တည်းဖြစ်လာအောင် လုပ်ကြရမှာပါ။ ဘဝနဲ့ဆန္ဒ၊ လက်တွေ့နဲ့အသိ တစ်ထပ်တည်း ပေါင်းစပ်နိုင်တဲ့အခါမှာ ဘယ်လိုအာဏာရှင်မျိုးမှ ချေမှုန်းခြင်းငှာ မစွမ်းသာတဲ့အင်အားကို ကျွန်တော်တို့ပြည်သူများ ရရှိပိုင်ဆိုင်လာပြီး၊ သမိုင်းခေတ်သစ်ကို ဖွင့်လှစ်နိုင်ပါလိမ့်မယ်။ ဘယ်လိုအုပ်စိုးမှုနဲ့ ဘယ်လိုအုပ်စိုးသူမဆို ဒီအင်အားရဲ့ရှေ့မှောက်မှာ ခယဝပ်တွားလာရမှာ မုချပဲဖြစ်ပါတယ်။ ၈၈ လူထုအုံကြွမှုကြီးဆိုတာ လူထုကြီးရဲ့ နှစ်ရှည်လများ ခံစားတွေ့ကြုံလာရတဲ့ ဘဝနဲ့ ဒီဘဝထဲကနေ ရုန်းထွက်လိုတဲ့ဆန္ဒ တထပ်တည်း ပေါင်းစည်းသွားရခြင်းရဲ့ အကျိုးဆက်ရလဒ်ပဲဖြစ်ပါတယ်။

အဲ့ဒီလို ရင့်မှည့်မလာသေးခင် အခြေအနေ၊ ဘဝနဲ့ဆန္ဒ အဟတ်ကွာနေသေးတဲ့ အခိုက်အတန့်ကာလတွေမှာ အချို့သောသူများက ပြည်သူလူထုကြီးရဲ့ စွမ်းပကားကို အထင်သေး အမြင်သေး ရှိတတ်ပါတယ်၊ အခုလိုလည်း သုံးသပ်တတ်ပါတယ်။ "မင်းလောင်းမျှော်တဲ့ဝလေ့ မပျောက်သေးဘူး" "ပွဲကြည့်ပရိသတ်အဖြစ် ဆက်ရှိနေဦးမယ်"။

လူထုအုံကြွမှုရဲ့ 'ယ'ရက်ကို ပြည်သူလူထုကြီးက သတ်မှတ်ပေးပါလိမ့်မယ်၊ အခြေအနေရင့်မှည့်လာရင် ပြည်သူလူထုက ဘယ်သူ့ကိုယ်မှ စောင့်မျှော်နေမှာ မဟုတ်ပါဘူး။

ဒါကြောင့် အခုလိုအခိုက်အတံ့ ကာလတွေမှာ ကျွန်တော်တို့ဟာ လူတန်းစား လူ့အလွှာပေါင်းစုံက ကြုံတွေ့ခံစားနေကြရတဲ့ နစ်နာချက်မျိုးစုံ၊ ဖိနှိပ်ညှင်းပန်းမှုမျိုးစုံကို ဖော်ထုတ်ကြရပါလိမ့်မယ်၊ ဒီလိုခံစားချက်တွေကို ဆက်သွယ်ပေါင်းစပ်ပေးရပါလိမ့်မယ်။ ဒီလိုနစ်နာနေရတဲ့၊ ဖိနှိပ်ညှင်းပန်းခံနေရတဲ့ အဓိကဇစ်မြစ်နဲ့ လက်သည်တရားခံကို ဖော်ထုတ်ဖွင့်ချပေးကြရပါလိမ့်မယ်၊ ဒါဟာ ကျွန်တော်တို့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတိုင်းရဲ့ ပင်မတာဝန်ပဲ မဟုတ်ပါလား။

ကျွန်တော်တို့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဟာ သာမန်ပြည်သူတွေနဲ့မတူတဲ့ အခွင့်သာမှုတချို့ရှိပါတယ်။ အဲ့ဒါတွေက ဘာတွေလဲဆိုတော့ ကျွန်တော်တို့ပတ်ဝန်းကျင်က ကြုံတွေ့ခံစားနေရတဲ့ လူထုလူတန်းစားလူ့အလွှာတွေရဲ့ ခံစားရမှုတွေကို စုစည်းနိုင်တာ။ အဲ့ဒီလို စုစည်းထားတာတွေကို ပြည်ပမီဒီယာတခုခုနဲ့ အခါအားလျော်စွာ ဆက်စပ်မိလာတဲ့အခါ တတိုင်းတပြည်လုံးက ကြားနိုင်သိနိုင်အောင် ပြောခွင့်ဆိုခွင့်ရရှိကြခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးကိုလည်း နိုင်ငံရေး တက်ကြွလှုပ်ရှားသူတိုင်း ရတတ်ကြတာမျိုးတော့ မဟုတ်ပါဘူး။ နိုင်ငံရေး တက်ကြွလှုပ်ရှားသူတွေထဲကမှ အရေအတွက် အနည်းငယ်သာ ရတတ်ကြတာမျိုး ဖြစ်ပါတယ်။ ဒီလို ပြောခွင့်ဆိုခွင့်ရကြတဲ့ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ အနည်းစုကလည်း သူတို့ပြောတာဆိုတာ တင်ပြတာတွေမှာ သတိကြီးကြီးထားပြီး ပြောရဆိုရတာပါ။ "တချက်မှားတာနဲ့ ထောင်ထဲရောက်သွားပါလိမ့်မယ်" "ထောင်"တန်တဲ့စကားမျိုး ပြောရတာပါ။ ဒါကြောင့် နိုင်ငံရေး၊ စာပေနဲ့ အနုပညာ စတဲ့နယ်ပယ်ဘက်က လူတစ်ချို့လောက်သာ အဲဒီလို ပြောခွင့်ဆိုခွင့်ရကြတာပါ။

အဲ့ဒီလိုရှားရှားပါးပါးလူတွေထဲမှာ "အမျိုးသားရေး ဦးဝင်းနိုင်"တယောက်လဲအပါအဝင် ဖြစ်ပါတယ်။ ဦးဝင်းနိုင်က ပြည်ပမီဒီယာတွေနဲ့ မကြာခဏဆိုသလို ပြောခွင့်ဆိုခွင့် ရတတ်ပါတယ်။ ဦးဝင်းနိုင်က ပြောတတ်ဆိုတတ်တာလည်း ပါဝင်ပါတယ်။

ဦးဝင်းနိုင်ပြောဆိုချက်တွေဟာ ကျွန်တော်တို့အတွက် အကျိုးရှိပါတယ်။ ဦးဝင်းနိုင်ရဲ့ဆန္ဒ၊ ဦးဝင်းနိုင်ကြုံတွေ့ရတဲ့ ပတ်ဝန်းကျင်က လူထုလူ တန်း

စား လူ့အလွှာတွေရဲ့ ဆန္ဒနဲ့ဘ၀ကို သိခွင့်ရလို့ ဖြစ်ပါတယ်။ တခါတလေမှာတော့ ဘယ်ဟာက ဦး၀င်းနိုင်ရဲ့ ဆန္ဒနဲ့ အာသီသ၊ ဘယ်ဟာက ဦး၀င်းနိုင်ကြုံတွေ့ရတဲ့ ပတ်၀န်းကျင်က လူထုတွေရဲ့ဆန္ဒနဲ့ အာသီသဆိုတာဟာ ရောထွေးနေတတ်ပါ တယ်။

ဒါပေမဲ့ ၂၀၀၇ ခုနှစ်ထဲကို ရောက်ရှိလာတဲ့အခါမှာ ဦး၀င်းနိုင်က ဇန္န၀ါရီလ ၄ ရက်နေ့၊ နေ့စွဲနဲ့ "အမျိုးသားရေးဦး၀င်းနိုင်၏ ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အခြေအနေအပေါ် သုံးသပ်ချက်နှင့် ၂၀၀၇ခုနှစ် အတွက် ခန့်မှန်းချက်"ဆိုတာ ထုတ်ပြန်လာတာကို အင်တာ နက်စာမျက်နှာပေါ်ကနေ ဖတ်လိုက်ရပါတယ်။ တခါ ၂၀၀၇ ခုနှစ် ဇန္န၀ါရီလ ၂၄ ရက်နေ့ည ဘီဘီစီ၊ " မြန်မာ့အရေး ကမ္ဘာ့အရေး ဆွေးနွေးခန်း"မှာ ဦး၀င်းနိုင်ရဲ့ ဆွေးနွေးပြောကြားချက်တွေကို ကြားလိုက်ရပါတယ်။ ဒီအချက်အလက်တွေက ဦး၀င်းနိုင်နဲ့ပတ်သက်ပြီး ပြောစရာဆိုစရာဖြစ်လာပါတယ်။ ဦး၀င်းနိုင်ကို အကူအညီပေးဖို့ လိုအပ်လာပါတယ်။

အခုလို "ရင်ဖွင့်စာရေးသားတဲ့လှုပ်ရှားမှု" ဆောင်ရွက်နေတဲ့ကာလမှာ ဦး၀င်းနိုင်မှာလဲ ရင်ဖွင့်စရာတွေ အများကြီးရှိနေမှာပါ၊ ရင်ဖွင့်ရမှာလဲ ဖြစ်ပါတယ်။ လိုအပ်နေတာတွေကို အကြံပြုရမှာဖြစ်ပါတယ်။ ဝေဖန်သင့်တာတွေကို ဝေဖန်ရမှာပဲ ဖြစ်ပါတယ်။ ဒီလို သဘောထားနဲ့ပဲ ဦး၀င်းနိုင်အနေနဲ့ ဇန္န၀ါရီလ ၄ ရက်နေ့၊ နေ့စွဲနဲ့ ထုတ်ပြန်တဲ့စာမှာ ဝေဖန်ချက် အကြံပြုချက်တွေပေးထားတာပဲ ဖြစ်ပါလိမ့်မယ်။

ဘီဘီစီမှာ ဦး၀င်းနိုင်ပြောသွားသလိုပါပဲ။ "ကြိုးတန်းပေါ်မှာလမ်းလျှောက်နေရသူ"တွေ အချင်းချင်း တဦးနဲ့တဦး တယောက်နဲ့တယောက် ထိန်းထိန်းသိမ်းသိမ်းတော့ ရှိကြရလိမ့်မယ်လို့ ယူဆပါတယ်။ "တချက်မမှားဖို့" ဦး၀င်းနိုင်က သတိထားနိုင်ပေမယ့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦးတို့က အကျဉ်းထောင်ထဲမှာ ဖြစ်ပါတယ်။ "၈၈ မျိုးဆက်တွေဖြစ်တဲ့" ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျာ၊ ကိုပြုံးချို၊ ကိုဌေးကြွယ်တို့ဆို မကြာခင်ကမှ ထိန်းသိမ်းခံထားရာကနေ ပြန်လွတ်လာခဲ့တာပဲ မဟုတ်ပါလား။

ဦး၀င်းပြောတဲ့ "အတိုင်းအတာလေးတစ်ခု"ထဲကနေ တစ်ဆို့နေတဲ့ အီထိုင်းနေတဲ့ ဒီမိုကရေစီအရေးကို ဆက်လက်ပွင့်လန်း စီးဆင်းသွားအောင် ထိထိမိမိပြောဆိုစေချင်ပါတယ်။ (သတိလဲထားပြီးတော့ ပြောပါ) ဘီဘီစီ ဦးကျော်ဇံသာက "အဓိပ္ပါယ်ရှင်းရှင်းသာ ပြောလိုက်ပါ"လို့ဆိုတော့ ဦး၀င်းနိုင်က ဆင်ဝှေ့ရန်ရှောင် လုပ်သွားပါတယ်။ ဘာပဲဖြစ်ဖြစ် ဦး၀င်းနိုင် ကြုံတွေ့ခံစားနေရတာကို ရင်ဖွင့်သွားတဲ့အတွက်တော့ ကျေးဇူးတင်စရာဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ်အောက်မှာ "ဒီမိုကရေစီဘောင်ချဲ့ရေး"နဲ့ "ရေိယာ တစ်ခုရှိနေတယ်"လို့ ပြည်ပကနေပြီး စိတ်ကူးယဥ်နေသူတွေ လေ့လာသုံးသပ်နေသူတွေအတွက်တော့ စဥ်းစားစရာနဲ့ ဝေဖန်သုံးသပ်စရာ အချက်အလက်ရသွားစေပါတယ်။

နောက်ထပ်တစ်ခုလည်း ဦး၀င်းနိုင်ကို တဆက်တည်းမေတ္တာရပ်ခံပါရစေ။ တွေ့ဆုံဆွေးနွေးရေးကို "သရက်ပင်အောက်မှာတွေ့မယ်၊ မာလကာပင်အောက်မှာတွေ့မယ်၊ နောက်ဆုံးတော့ စက္ကူအဟောင်းရောင်းတဲ့ သူတွေလက်ထဲ ရောက်သွားတာနဲ့ နိဂုံးချုပ်သွားတာပဲ" ဆိုတဲ့ပြောဆိုချက်နဲ့ ပတ်သက်နေပါတယ်။ သရက်ပင်အောက်မှာမှတွေ့မယ်၊ မာလကာပင်အောက်မှာမှ တွေ့မယ်လို့ ဝေ့လည်ကြောင်ပတ်လုပ်နေတာ ဘယ်သူလဲ? ပြီးခဲ့တဲ့ ညောင်နှစ်ပင်ညီလာခံ နောက်ဆုံးနေ့မှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဌဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က "တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက် သေးသိမ်ပျောက်ကွယ်သွားပြီဖြစ်ကြောင်း"ထည့်သွင်းပြောဆိုခဲ့တယ် မဟုတ်ပါလား။ (၁၆/၁/၀၇)ရက်နေ့ မြန်မာ့အလင်း သတင်းစာဆောင်းပါးမှာ "ဒိုင်ယာလော့ဝေရာမဏိ"လို့ ရေးသားထားပါတယ်။ ပြန်ကြားရေးဝန်ကြီးကလည်း သတင်းစာရှင်းလင်းပွဲများမှာ"NLD နဲ့ တွေ့ဆုံဆွေးနွေးဖို့ အကြောင်းမရှိကြောင်း" ပြောကြားထားပါတယ်။

ဒါကြောင့် တွေ့ဆုံဆွေးနွေးရေးကို ပစ်ပယ်နေသူ၊ လျစ်လျူရှုနေသူ ဘယ်သူလဲဆိုတာကို ဦး၀င်းနိုင်အနေနဲ့ တည်ကြည်စွာ ထောက်ပြဖို့ လိုအပ်ပါတယ်။

နောက်ဆုံးတစ်ခု မေတ္တာရပ်ခံပါရစေအုံး။

ကျွန်တော်တို့ဟာ အင်မတန် ဖိနှိပ်ရက်စက်ကြမ်းကြုတ်တဲ့ စစ်အာဏာရှင်စနစ်ကို ရင်ဆိုင်တိုက်ပွဲဝင်နေကြရတာပါ။ ဒါကြောင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်သူတိုင်းနဲ့ တွဲပြီးအလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီစစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးဦးတည်ချက်ကို ဝေဝါးသွားစေမယ့်၊ လမ်းလွဲသွားစေမယ့် ပြောဆိုမှုများ၊ ရေးသားမှုများကို သတိပြုဆင်ခြင်ဖို့ပဲ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်သူတွေကြားမှာ ညီညွတ်နိုင်သမျှ ညီညွတ်ဖို့ကို ကျွန်တော်တို့ တိုက်တွန်းနိုးဆော်ကြရမှာပါ။ ဦးတည်ချက်ဝေဝါးပြီး သွေးကွဲစေမယ့် ပြောဆိုမှုမျိုးကိုတော့ သတိပြုဆင်ခြင်ကြရမှာပဲ ဖြစ်ပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ "မြန်မာ့အရေးဆုံးဖြတ်ချက်အဆို (မူကြမ်း)ကို ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့တဲ့ နိုင်ငံ (၂)နိုင်ငံနဲ့ ပတ်သက်ပြီး၊ ဦး၀င်းနိုင်က "အော့နှလုံးနာသွားကြတယ်၊ စိတ်ပျက်မုန်းတီးသွားကြတယ်"ဆိုတာအထိ ပြောသွားတာကို နားလည်နိုင်ပါတယ်။ ပြောစရာမရှိပါဘူး။ ဒါပေမယ့် "တရုတ်လုပ်နဲ့ တရုတ်ထုတ်ကုန်ပစ္စည်းတွေ မသုံးတော့ဘူး၊ မစားတော့ဘူး သပိတ်မှောက်ကြမယ်"ဆိုတဲ့ အတိုင်းအတာအထိ အဆင့်တက် သွားတာကတော့ သိပ်များလွန်းပါတယ်။ ဦး၀င်းနိုင်ပတ်ဝန်းကျင်မှာ ဘယ်လိုပဲ ကြားသိခဲ့ရပါစေ၊ ဦး၀င်းနိုင်ခံစားချက် ဘယ်လိုပဲရှိပါစေ၊ ဒီအဆင့်အထိတော့ တွန်းမတင်သင့်ဘူးလို့ ယူဆပါတယ်။ ဒါဟာ လူမျိုးရေး အဓိကရုဏ်းကို ဦးတည် သွားစေနိုင်ပြီး၊ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးဦးတည်ချက်ကို သွေဖီဝေဝါး သွားစေပါလိမ့်မယ်။ ဒီလို သွေဖီဝေဝါးသွားစေဖို့ (နအဖ) စစ်အစိုးရက ကြံစည် ဖန်တီးနေတာဖြစ်တယ်။ ဒါကို ကျွန်တော်တို့ ခွင့်မပြုနိုင်ပါဘူး။ အုပ်စိုးသူအ ဆက်ဆက်နဲ့ စစ်အစိုးရဟာ သူတို့အတွက် အကျပ်အတည်းတွေ၊ ဖိအားတွေ ကြုံလာရတဲ့အခါတိုင်း ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းတွေ ဖန်တီးပြီး ထွက်ပေါက်ရှာတတ်တာကို ဦး၀င်းနိုင်တို့ ကြုံတွေ့ဖြတ်သန်းခဲ့ရဖူးပြီးသားတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ပြည်သူတွေ လူ့အခွင့်အရေးဆုံးရှုံးနေရတယ်၊ ဖိနှိပ်ခံနေရတယ်ဆိုတာကို အဆိုပါ ဗီတိုအာဏာပိုင် (၂)နိုင်ငံက မငြင်းပယ်ပါဘူး၊ သူတို့ဗီတိုအသုံးပြုရတာနဲ့ပတ်သက်တဲ့ ရှင်းပြချက်မှာ ကျွန်တော်တို့ တိုင်းပြည်ထဲမှာ ပြဿနာတွေတည်ရှိနေတာ အမှန်ပဲဆိုတာကို သူတို့အသိအမှတ်ပြုထားပါတယ်။

ကျွန်တော် ဦး၀င်းနိုင်ကို အကူအညီပေးချင်တာ ဒီလောက်ပါပဲ။

ပြည်ပမီဒီယာတွေနဲ့ အခါအခွင့်သင့်တဲ့အခါတိုင်း ဦး၀င်းနိုင်ရဲ့ ခံစားချက်နဲ့ ဆန္ဒ၊ ဦး၀င်းနိုင်ပတ်ဝန်းကျင်က ကြုံတွေ့ရတဲ့ လူထုလူတန်းစား လူ့အလွှာများရဲ့ ခံစားချက်နဲ့ ဆန္ဒတွေကို ရင်ဖွင့်ပါဦး၊ ဝေဖန်မှုနဲ့ အကြံပြုချက်တွေ ပြောပါဦး၊ ကြိုးတန်းပေါ်ကဘ၀ကို စာနာနားလည်ပါတယ်။ ကြိုးတန်းပေါ်က သတ္တိခဲစိတ်ဓာတ်ရှင်တွေအားလုံးကို အလေးပြုပါတယ်။

တူမောင်ညို
၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်

XXXXXXX

# ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ [၂၂]ရက်နေ့က ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲနှင့်ပတ်သက်ပြီး သူတို့၏ အမြင်များ

**မင်းကိုနိုင်။** ။ "တိတ်ဆိတ်နေတဲ့အချိန်မှာ စပြီးတော့ ပွင့်ထွက်လာတဲ့အသံတစ်ခုကြောင့် အမှန်တကယ်ပါပဲ။ အိပ်မောကျသလို ဖြစ်နေတဲ့လူတွေတော့ နိုးကြားလာတာတော့ အမှန်ပဲခင်ဗျ။ အဲဒီ နိုးကြားလာတာရဲ့ နောက်မှာ တကယ့်ကို ပြည်သူတရပ်လုံးဟာ ငါတို့မှာ ဒီအခွင့်အရေးတွေ တကယ်ရှိနေပါလားဆိုတဲ့ အသိတရားတခု ပြန်ရလာပါလိမ့်မယ်။ အဲဒီအခွင့်အရေးတွေကို မှန်မှန်ကန်ကန် သုံးစွဲမှုသာလျှင် ငါတို့ရဲ့ ဘဝဟာ ဒီထက်ပိုပြီးတော့ မြင့်မားလာမယ်၊ အမှောင်တိုက်ထဲကနေ အလင်းကို ရောက်မယ်၊ နိမ့်ပါးမှုကနေ မြင့်လာမယ်၊ ဘဝရဲ့ အာမခံချက် ရှိလာမယ်။ အရှင်းဆုံးပြောရရင်တော့ လူဟာ လူလိုနေရမယ်ဆိုတဲ့ အသိကိုပါ ရလာဖို့ အခြေခံပေးလိုက်တယ်လို့ပဲ ကျနော် မြင်တယ်။ သူတို့အနေနဲ့ကတော့ တွေ့တဲ့အတိုင်းပဲလေ။ အဲဒီမှာ ခေါင်းဆောင်လို့ယူဆရတဲ့ လူနှစ်ယောက်ကို လက်ထိပ်ခတ်သွားတာပဲ။ ဒါပါပဲ။ ကျနော်တို့ တိုင်းပြည်မှာ ဒီကနေ့ ဖြစ်နေတာက။ တကယ်တမ်းဟုတ်လား၊ အစိုးရကို ကောင်းပါပေ့ သို့မဟုတ် အစိုးရပြောချင်တဲ့စကားတွေကို ကိုယ်စားပြောပေးနိုင်ဖို့အတွက် လှုပ်ရှားမှုဆိုရင် ဘယ်လောက်လုပ်လုပ် ရတယ်။ မျက်စိတဆုံး ကျယ်ပြန့်တဲ့ ကွင်းကြီးထဲမှာ ကြိုက်သလောက်လူတွေ ဝင်လာပြီးတော့လုပ် ရတယ်၊ လမ်းတွေပေါ်မှာလုပ် ရတယ်၊ သံရုံးတွေရှေ့သွားလုပ် ရတယ်။ အဲဒီအစိုးရရဲ့ လက်အောက်မှာနေရတဲ့ တကယ်တမ်း ခံစားရတဲ့ဘဝ၊ တကယ်ဆိုးရွားနေတဲ့ အခြေအနေတွေကို ဖော်ထုတ်ပြီးဆိုရင်တော့ အဲဒီလူကို လက်ထိပ်ခတ်ခံရမယ်ဆိုတာ ဒီကနေ့ အဲဒီသတ္တိရှင်နှစ်ယောက်က သူတို့ ဘဝနဲ့ရင်းပြီးတော့ သက်သေပြလိုက်တာပဲ။ ကြုံကြိုက်တုန်းမှာ တစ်ခါတည်း ပြောလိုက်ပါတယ်၊ အဲဒီလို စွန့်စွန့်စားစားဖြစ်ရပ်မှန်ကို ဖော်ထုတ်သွားတဲ့ ပြည်သူနှစ်ဦးကို ဒီနေရာကနေ ဂုဏ်ပြုလိုက်ပါတယ်ဆိုတာ။" **(ဗွီအိုအေ၊ ၂၃၊ ၂၊ ၂၀၀၇)**

**ကိုကိုကြီး။** ။ မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြတာတွေ ကျနော်တို့ ဖတ်ရတယ်။ အဲဒီတော့ ကျနော်က နှစ်ခုသွားပြီးတော့ ယှဉ်ကြည့်မိတယ်။ အရင်တခေါက် သံရုံးရှေ့ ဆန္ဒပြတာတွေကျတော့ ဒါပြည်သူတွေရဲ့ သဘောထားဖြစ်တဲ့အတွက်ကြောင့် ဒါဟာ ငြိမ်းချမ်းစွာ ဆန္ဒပြတာ ဖြစ်တယ်ဆိုပြီးတော့ ဒါကို တကယ့်ဂုဏ်ပြုတဲ့သဘောမျိုး ရေးသားတာကိုတောင် တွေ့ရတယ်။ အခု ဒီမှာ ဒီလူစုက တကယ့်ကို အခြေခံကျတဲ့ အချက်တွေပေ့ါလေ၊ ကုန်ဈေးနှုန်း ကျဆင်းရေးတို့ လိုဟာမျိုး တကယ့်ကို ငြိမ်းချမ်းစွာ ဖော်ထုတ်တာတွေကျတော့ တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ် ရှိကြောင်းတို့၊ တရားဥပဒေနဲ့ ညီညွတ်မှု မရှိသဖြင့် အရေးယူခံရဖွယ်ရှိကြောင်းတို့ စတာမျိုးတွေကို သတင်းစာမှာ ဖော်ပြတာကို ကျနော် သတိထားလိုက်မိတယ်။ အဲဒီတော့ ဒီလိုမျိုး ဆန္ဒဖော်ထုတ်တာခြင်းအတူတူ ဒီဟာကိုတော့ သူက အရေးယူမဲ့ပုံစံမျိုး ဖော်ပြတယ်။ ကျနော်ကတော့ ဥပဒေရှုထောင့်ကနေ ကြည့်တဲ့အခါမှာ အခု ဒီဆန္ဒပြတဲ့၊ ဆန္ဒဖော်ထုတ်တဲ့ လူစုကို တရားရုံးအနေနဲ့ တရားဝင် ဘာမှ ဆုံးဖြတ်ချက်မချရသေးဘူး။ တရားရုံး ဆုံးဖြတ်ချက်မချခင်မှာ အရေးယူခံရဖွယ် ရှိတယ်ဆိုတာက တရားရုံးကို ဆုံးဖြတ်ချက်ကို ကြိုတင်လွှမ်းမိုးတဲ့သဘော၊ တရားရုံးကို မထီမဲ့မြင် လုပ်တဲ့သဘော၊ ဥပဒေကို လမ်းကြောင်းလွဲသွားအောင် တလွဲဦးဆောင်တဲ့ သဘောမျိုးတွေ ကျနော်တို့ တွေ့ရတယ်။ အဲဒီတော့ ဥပဒေချိုးဖောက်တဲ့ကိစ္စမျိုး၊ တရားရုံးကို လွှမ်းမိုးတဲ့ကိစ္စမျိုးကို နိုင်ငံပိုင်သတင်းစာက လုပ်နေတာတွေ၊ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကနေပြီးတော့ မတရားမှုတွေကို ဌာနဆိုင်ရာအလိုက် ဖော်ထုတ်ပြီးတော့ တိုင်တန်းကြဖို့ ဖော်ပြလေ့ရှိတဲ့ သတင်းစာကနေ အခုလိုမျိုး တရားရုံးကို လွှမ်းမိုးဖို့ ကြိုးစားတဲ့ လုပ်ရပ်မျိုး၊ တရားဥပဒေချိုးဖောက်တဲ့ လုပ်ရပ်မျိုးဟာ ဒါလုံးဝ မဖြစ်သင့်တဲ့ကိစ္စ။ အဲဒီတော့ သတင်းစာမှာ ဖော်ပြနေတဲ့ မတရားမှုတွေကို တိုင်တန်းအရေးယူဖို့ဆိုရင် ဒီသတင်းစာကို တိုင်တန်းအရေးယူ ရလိမ့်မယ်လို့ ကျနော် ဒီလိုပဲ မြင်တယ်။" **(ဒီဗွီဘီ၊ ၂၃ ၊ ၂၊ ၂၀၀၇)**

**ဦးမြင့်သိန်း။** ။ "အဲဒီတော့ ဒီမိုကရေစီစနစ်မှာ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခြင်းဟာ အဓိကလုပ်ငန်းစဉ်တခုဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်တဲ့၊ မည်သည့်လွတ်လပ်စွာ ဆန္ဒထုတ်ဖော်တဲ့ ကိစ္စရပ်မဆို အကြမ်းမဖက်ဆောင်ရွက်တဲ့ ဆောင်ရွက်ခဲ့မှုများကို ကျနော်တို့က လိုလားပါတယ်။" **(ဗွီအိုအေ ၊ ၂၃၊ ၂၊ ၂၀၀၇)**

**ချင်းတိုင်းရင်းသားခေါင်းဆောင်၊ CRPP အဖွဲ့ဝင် ဦးထောင်ခိုထန်း။** ။ "ကျနော့်အမြင်အနေနဲ့ ပြောရမယ်ဆိုရင်တော့ လူထုသဘောကို ထင်ဟပ်ပေါ်လွင်စေတဲ့ အမှန်တကယ် ဆန္ဒပြမှုတခုဖြစ်တယ်လို့ ကျနော် ဒီလိုယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတွင်းမှာ တကယ်ပဲ စားဝတ်နေရေး ကျပ်တည်းတယ်၊ ပြည်သူလူထုဘဝဟာ တကယ်ပဲ ဒုက္ခရောက်နေတယ်၊ ကုန်ဈေးနှုန်းကြီးမြင့်တယ်၊ နောက် ကလေးတွေရဲ့ ကျောင်းနေစရိတ်၊ ကျန်းမာရေးစရိတ် အစစအရာရာ ကုန်ဈေးနှုန်းတွေက ကြီးမြင့်နေတယ်။ ပြီးတော့ လူထုရဲ့ နေ့စဉ်လုပ်ကိုင်နေရတာလဲ တော်တော်လေးကို အခက်အခဲ၊ ပြဿနာတွေ ပေါ်နေတယ်။ တကယ်တမ်း ပြည်သူလူထုကြားထဲမှာ မခံနိုင်တဲ့ အနေအထားရှိတယ်။ နောက်ဆုံး တကယ်ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဘဝကို နိုင်ငံတော်အကြီးအကဲတွေသိဖို့ တင်ပြတဲ့သဘောဆိုတာ ဒီလိုမြင်တယ်။ ဒါကြောင့်မို့ တိုင်းပြည်အတွင်းမှာ နိုင်ငံရေးပြဿနာကို ကျနော်တို့က တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ မရှင်းကြတော့၊ ဒါကြောင့် လက်ရှိနအဖအာဏာပိုင်က နိုင်ငံရေး ပြဿနာကြီးကို ဒီအတိုင်း လစ်လျူရှုထားလို့ မဖြစ်ဘူး။ ပြည်သူအထဲမှာ၊ အခြေခံလူတန်းစားတွေထဲမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာမျိုး။ ဒီလိုပဲ ဖြစ်ပေါ်လာမယ်ဆိုတာ ကျနော်တို့က မျှော်လင့်ပြီးသားပဲ။ ဒါကြောင့် ဒီပြဿနာတွေကို မရှင်းနိုင်ဘူးဆိုရင် ဒီထက်ကြီးမားတဲ့ ပြဿနာတွေ မဖြစ်ပေါ်လာနိုင်ဘူးလို့ ပြောလို့မရဘူး။" **(ဒီဗွီဘီ၊ ၂၃ ၊ ၂၊ ၂၀၀၇)**

**သခင်ချန်ထွန်း။** ။"မနေ့ကဆန္ဒပြတယ်ဆိုတာက ကုန်ဈေးနှုန်းတွေ ကြီးနေတာ၊ လျှပ်စစ်မီး တွေကောင်းကောင်းမရတာ အစရှိသည်ဖြင့်ပေါ့လေ၊ ပြဿနာပေါင်းစုံပေါ့ ဟုတ်လား။ အကုန်လုံး ဆင်းရဲမွဲတေနေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဒါတွေ အများဆုံးကူညီဖြေရှင်းပေးဘို့ တောင်းဆိုချက်ဘဲ။ အမေရိကန်သံရုံး၊ အင်္ဂလိပ်သံရုံးတို့ကို ပြတဲ့ဟာကျတော့ ဒါကရှုံ့ချတဲ့ သဘောမျိုးနဲ့လုပ်တာ။ ဒါအမှန်က သူတို့က အစိုးရကို တိုက်တာ မဟုတ်ဘူး။ အစိုးရကို ဒီမှာ တကယ်ဖြစ်ပျက်နေတဲ့ ကိစ္စတွေကို တင်ပြတယ်လို့ ယူဆတယ်။ အရေးယူရင်တော့ မှားမယ်လို့ ကျနော်တွက်တာဘဲ။ အမှန်က အရေးမယူသင့်ဘူးလို့ ယူဆတယ်။ ရိုးရိုးတန်းတန်း ပြောနေလို့လည်း အရာရောက်မှာ မဟုတ်ဘူးလေ။ ဒီလိုလေး ဆန္ဒလေးပြပြီးတော့ ဖော်ထုတ်မှသာလျှင် လူကြီးတွေနားမှာ ကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ကြတယ်လို့ဘဲ ထင်မြင်တယ်။ အမေရိကန်သံရုံးတို့ အင်္ဂလိပ်သံရုံးတို့ကို ပြခဲ့တဲ့သူတွေတုန်းကလည်း အရေးမယူဘဲနဲ့ဟာ ဆန္ဒပြတာချင်း အတူတူဘဲဟာ။ ဟိုမှာတော့ အရေးမယူဘဲနဲ့ ဒီမှာ အရေးယူမယ်ဆိုရင်တော့ တရားမျှတမှုရှိတယ်လို့ မပြောနိုင်ဘူး။ မီးပျက်တာဆို၊ ကျနော်တို့ အခုဆို မီးပျက်နေတာဘဲ။ ကျနော့်ဆို ဟုတ်လား။ ပြည်သူလူထုခံစားနေရတာတွေ တင်ပြတာဖြစ်ခြင်းကြောင့် ကျေးဇူးတောင်တင်ရလိမ့်ဦးမယ်လို့ ကျနော်တော့ ယူဆတယ်။ " **(ဗွီအိုအေ၊ ၂၃၊ ၂၊ ၂၀၀၇)**

**အမျိုးသားရေး ဦးဝင်းနိုင်။** ။"ကျနော် ကြိုပြီးတော့ ဗေဒင်ဟောပြရမယ်ဆိုရင်၊ ဒီလိုတောင်းပွဲလေးတွေကတော့ ဒီလိုရှေ့မှာ ဖြစ်လာပါလိမ့်မယ်။ လက်ရှိမြန်မာနိုင်ငံတော် ပြည်သူလူထုရဲ့ စားဝတ်နေရေး ပြဿနာကို ထိထိရောက်ရောက် ဖြေရှင်းမပေးဘူး၊ ဒီအတိုင်းပဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားမယ်ဆိုရင် အလားတူ ဆန္ဒပြမှုများ ပေါ်ကိုပေါ်မှာပဲ။ ဘယ်လိုပဲ ခြိမ်းခြောက်၊ ခြိမ်းခြောက်၊ ဘယ်လိုပဲ ကြောက်လန့်အောင်လုပ်လုပ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်ငတ်လာကြပြီ ပြည်သူလူထုက တကယ်ငတ်လာပြီဆိုရင် အဲဒါက တကယ့်ကို ပြဿနာပဲ။ ထိန်းမနိုင်သိမ်းမရ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့လဲ ကျနော်ကိုယ်တိုင်လဲ တဖွဖွနဲ့ မေတ္တာရပ်ခံ တိုက်တွန်းနေတာ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို။ ရှင်းပါ၊ ဒီစီးပွားရေးပြဿနာ ဘယ်လိုလုပ်ကြမလဲ၊ အဲဒါပါပဲ။" **(ဒီဗွီဘီ၊ ၂၃ ၊ ၂၊ ၂၀၀၇)**

XXXXXXX

# ထားဝယ်အမျိုးသမီးသမဂ္ဂနှင့် လေ့လာရေးစကားဝိုင်း



ထားဝယ်အမျိုးသမီးသမဂ္ဂရုံးတွင် လေ့လာရေးစကားဝိုင်းများကို ၁၁ ၊ ၂ ၊ ၂၀၀၇ ရက်နေ့နှင့် ၁၂ ၊ ၂ ၊ ၂၀၀၇ ရက်နေ့များတွင် ပြုလုပ်ခဲ့ကြပါသည်။

ထိုလေ့လာရေးစကားဝိုင်းများတွင် ထားဝယ်အမျိုးသမီးသမဂ္ဂမှ အဖွဲ့ဝင် အမျိုးသမီး (၇)ဦးနှင့် PDF (ပြည်သူ့ကာကွယ်ရေးတပ်)မှ အမျိုးသားတဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု (FDB) ၏ ဒုတိယအတွင်းရေးမှူးချုပ် ကိုငွေလင်းမှ Guessts Peaker (ဦးဆောင်ဆွေးနွေးသူ)အဖြစ် ပါဝင်ဆွေးနွေးပေးခဲ့သည်။

ပထမနေ့တွင် NLD ၏ ဖြတ်သန်းမှု သမိုင်းအကျဉ်း၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ တန်ဖိုးထားမှု (၅)ခု၊ နအဖလမ်းပြမြေပုံကြားမှ NLD ၏ ခြေလှမ်းများ၊ အရာကိစ္စများကို ဘယ်လို နည်းနာနဲ့ ကြည့်မြင်မလဲ စသည့် ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ဒုတိယနေ့တွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့ထုတ် NLD အထူးကြေညာချက် (၁)နှင့် (၂) –၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့ထုတ် CRPP ၏ ပြည်ထောင်စုနေ့ ကြေညာချက်တို့ကို လေ့လာခဲ့ကြသည်ဟု သိရှိရသည်။

XXXXXXX

# စစ်အစိုးရနဲ့ ပူးပေါင်းရေး၊ အညံ့ခံရေး၊ ဂိုခွဲရေးအယူအဆ အပြုအမူများကို ပြတ်ပြတ်သားသားဆန့်ကျင်ကြ

မြန်မာ့နိုင်ငံရေးအကဲခတ်တဦး

၁။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ (၁၃)ရက်နေ့ည။ ထုတ်လွှင့်တဲ့ (ကမ္ဘာ့အရေးမြန်မာ့အရေး)ဆွေးနွေးခန်းမှာ ပါဝင်ဆွေးနွေးသူများဖြစ်တဲ့ ကိုအေးလွင်ရဲ့ဆွေးနွေးချက်နဲ့ သူတို့အုပ်စုရဲ့ သဘောထားအမြင်များကို ဖော်ထုတ်တဲ့ ထုတ်ပြန်ချက်တစ်ချို့ကို လေ့လာရပါတယ်၊ ဒီအထဲမှာ (မင်းကိုနိုင် (သို့) နောက်ထပ်ကြိုးမဲ့လေတံခွန်သို့ အိတ်ဖွင့်ပေးစာ)ဆိုတာ လဲပါပါတယ်၊ သူတို့က ဂုဏ်မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)နာမည်နဲ့ ရပ်တည်ထားပါတယ်၊ ကုန်ခဲ့တဲ့မတ်လ (၁၃) ဖုန်းမော်နေ့မှာလဲ သဘောထားကြေငြာချက်ထုတ်ပြန်ခဲ့ပါသေးတယ်၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ (၅)ရက်နေ့မှာလဲ ရန်ကုန်မြို့။ သိမ်ဖြူလမ်းမှာရှိတဲ့ Y.M.C.A ခန်းမမှာ သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ခဲ့ပါသေးတယ်။

ဒီအစုရဲ့သဘောထားရပ်တည်ချက်များဟာ စစ်အစိုးရဘက်မှာ ရှိနေတာကြောင့် လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရနေကြပုံလဲ ရပါတယ်၊ သူတို့ဟာ မျက်မှောက်မြန်မာ၏ နိုင်ငံရေးဘဝထဲကို တဖြည်းဖြည်းတိုးဝင်လာပြီး အသံလဲနည်းနည်း ကျယ်ကျယ်လာနေခဲ့ပါတယ်၊ အပြင်မှာလဲ သူတို့နဲ့ဖြစ်တဲ့ ဒေါက်တာဇာနည် ရှိနေပါတယ်၊ သူတို့နောက်မှာ သူတို့နဲ့ In Line ဖြစ်တဲ့ (သို့) သူတို့အစုကို ဘက်စုံကျောထောက်နောက်ခံပြု။ စီမံညွှန်ကြားနေတဲ့ ပြည်တွင်းပြည်ပ ကိုယ်စားပြုနိုင်ငံရေးအင်အားစုတခု ရှိနေမလားဆိုတာ သေသေချာချာအကဲခတ်ကြည့်ရမှာ ဖြစ်ပါတယ်၊ မင်းကိုနိုင်ကိုယ်စားပြုထားတဲ့ ဂုဏ်မျိုးဆက်ခေါင်းဆောင်အစုဆိုတာရဲ့ အခါအားလျော်စွာ ဖော်ထုတ်ကြတဲ့ တဦးချင်းအာဘော်တွေထဲမှာကို တခါတလေ ကိုအေးလွင်တို့နဲ့ In Line ဖြစ်တဲ့သဘောထားအမြင် ဖော်ထုတ်ချက်များကို မကြာခဏကြားနေရတာမျိုးလဲ ရှိပါတယ်၊ ဒါကြောင့် အေးလွင်တို့အစုရဲ့ထုတ်ပြန်ချက်များကို။ လေ့လာကြည့်ရပါမယ်။ (ဒီနေရာမှာ သူတို့ရဲ့ ထုတ်ပြန်ချက်များကို။ အကျယ်မကိုးကားတော့ပါ၊ ဒီစာတမ်းရရှိသူများက မူရင်းများနဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ကြဖို့သာ ဖြစ်ပါတယ်)

၂။ ဒီလေ့လာချက်မှာ ဦးစွာဖော်ပြချင်တာက သဘောထားတခုခုကို အကဲခတ်ရာမှာ (ယေဘုယျအားဖြင့်ပြောရရင်) လူပုဂ္ဂိုလ်အဖွဲ့အစည်းဆိုတာထက် ဖော်ထုတ်တဲ့သဘောထားရဲ့ မျက်မှောက်အခြေအနေအတွက် အကျိုးပြုမှုရှိမရှိဆိုတာကို ပိုအာရုံစိုက်သင့်တယ်ဆိုတာပဲ ဖြစ်ပါတယ်၊ ကိုအေးလွင်အပါအဝင် အခုထုတ်ပြန်ချက်များကို ကိုယ်စားပြုထားတဲ့သူတွေဟာ ဘယ်သူမှလူပုဂ္ဂိုလ်အရ အရေးပါလှတဲ့ သူတွေမဟုတ်ပါဘူး၊ မြန်မာ့နိုင်ငံရေးကို ရှေ့တိုးနောက်ဆုတ် ပြုနိုင်တဲ့လူပုဂ္ဂိုလ်စည်းရုံးရေးသြဇာပေါ်လစီ နည်းနည်းပါးပါးလေးမှရှိကြတဲ့သူတွေ (လုံးဝ) မဟုတ်ပါဘူး၊ နိုင်ငံရေး၊ စည်းရုံးရေး လက်တွေ့အရပြောရရင် မြန်မာ့နိုင်ငံရေး ရှေ့တိုးနောက်ဆုတ်ကို ကိုယ်စားပြုနိုင်တဲ့လူပုဂ္ဂိုလ်နဲ့ ပေါ်လစီသြဇာရှိသူဟာ လက်ရှိအခြေအနေမှာတော့ ဒေါ်အောင်ဆန်းစုကြည်သာ ဖြစ်ပါတယ်၊ ဂဂ ဒီမိုကရေစီအရေးတော်ပုံကြီးနဲ့ ၉၀ရွေးကောက်ပွဲက ပြဋ္ဌာန်းပေးတဲ့ နိုင်ငံရေးတာဝန်ကို ကိုယ်စားပြုရပ်တည်ဖြေရှင်းပေးနိုင်တဲ့ လူပုဂ္ဂိုလ်ခေါင်းဆောင်နဲ့ အဖွဲ့အစည်းမျိုးသာ မျက်မှောက်မြန်မာနိုင်ငံရေးကို အမှန်တကယ် ကိုယ်စားပြုနိုင်ပါလိမ့်မယ်၊ (ဖဆပလအဖွဲ့ချုပ်။ ပမညတနဲ့ မဆလပါတီတို့ရဲ့ ရှုံးနိမ့်မှုအတွေ့အကြုံများကို လေ့လာကြည့်ပါ၊)

(ခွေးလေးခုန်လို့ဖုန်မထ)ဆိုပေမဲ့ ခုန်နေတာကတော့ မျက်စေ့နောက်ဖြစ်နေတာ အမှန်ပဲဖြစ်ပါတယ်၊ ကိုအေးလွင်တို့ ထုတ်ပြန်ထားတဲ့ သဘောထားအမြင် အယူအဆဆိုတာတွေဟာ အမှန်တကယ်က စစ်အုပ်စုရဲ့ မီဒီယာအမျိုးမျိုးမှာ ပုံစံမျိုးစုံနဲ့ (၁၈)နှစ်တိုင်တိုင် ပြောဆို ဖော်ပြလာခဲ့တဲ့ ခေတ်မမှီတော့တဲ့ ဈေးကွက်မရှိတော့တဲ့ ကုန်ဟောင်းကုန်ပုပ်တွေပါ၊ ဆီသည်မလက်သုတ်နဲ့ မွဲပြာပုဆိုးချည်းဖြစ်နေတာကြာပါပြီ၊ ဒါဖြင့် ဘာကြောင့်များ ခုလို အရေးစိုက်ဖော်ထုတ်ဝေဖန်ရတာလဲ။ မျက်မှောက်ခေတ် မြန်မာ၏ နိုင်ငံရေးအခြေအနေရဲ့ လိုအပ်ချက်ကြောင့်ဖြစ်ပါတယ်၊

ဂဂ ဒီမိုကရေစီအရေးတော်ပုံကြီးဟာ (၁၉)နှစ်ထဲရောက်နေပါပြီ၊ ၁၉၉၀ ရွေးကောက်ပွဲကျင်းပပြီးခဲ့ ကာလ(၁၆)နှစ်ကျော်ခဲ့ပါပြီ၊ မြန်မာ့ဒီမိုကရေစီတိုက်ပွဲဟာ ကြီးမားတဲ့အခက်အခဲများနဲ့ ကြုံတွေ့နေရဆဲ ဖြစ်ပါတယ်၊ စစ်အစိုးရဟာ ပြည်တွင်းစစ်ကို အပြုတ်တိုက်တဲ့နည်းနဲ့ နိဂုံးချုပ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေဆဲဖြစ်ပါတယ်၊ တိုင်းရင်းသားလူမျိုးစုများ ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းဖို့ ငြင်းဆန်နေဆဲဖြစ်ပါတယ်၊ (၉၀)ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်ဖော်ပေးဖို့လဲ ငြင်းဆန်နေဆဲဖြစ်ပါတယ်၊ ဥပဒေတွင်း ဒီမိုကရေစီတိုက်ပွဲများကို ဂမူးရှူးထိုး နှိပ်ကွပ်နေဆဲဖြစ်ပါတယ်၊ သူတို့အုပ်စု ရေရှည်ရပ်တည်ရေးကို အာမခံချက်ပေးမဲ့ အခြေခံဥပဒေတရပ် ဖော်ထုတ်ဖို့ဆိုတာကို ပွဲထုတ်နေဆဲဖြစ်ပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေးအခန်းနဲ့ နိုင်ငံရေးအရ အရေးပါမှုကို ဖယ်ရှားပစ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေဆဲဖြစ်ပါတယ်၊ ပြည်သူလူထုကြီးဟာ လဲနက်ရှိုင်းတဲ့ စီးပွားရေး။ လူမှုရေးဒုက္ခများကို ခါးစည်းခံနေကြရဆဲ ဖြစ်ပါတယ်၊ ကယ်မယ့်သူဝေးပြီး ခေါင်းဆောင်မှုလဲ မဲ့နေကြရပါတယ်။ နိုင်ငံတကာအခြေအနေအကန့်အသတ်များရှိနေခြင်း၊ လက်နက်ကိုင်တော်လှန်ရေးများ အင်အားချည့်နဲ့ သေးကြုံ့သွားခြင်း၊ ဥပဒေတွင်း ဒီမိုကရေစီတိုက်ပွဲများ၊ အကြွင်းမဲ့နီးပါး ထိန်းချုပ်ခံထားရခြင်း၊ စစ်တပ်ကြီးတခုလုံး သူ့အထက်အမိန့်ကို နာခံနေသေးခြင်း၊ လူထုတရပ်လုံးဟာ စီးပွားရေးအကြပ်အတည်းများ ခြိမ်းခြောက်မှုိင်းတိုက်ခံရမှုများနဲ့ ကြုံတွေ့နေရပြီး ခေါင်းဆောင်မှု မဲ့နေရခြင်း စတဲ့အခြေအနေများကြောင့် မြန်မာ့ဒီမိုကရေစီအရေးတော်ပုံကြီးဟာ ကြီးမားတဲ့အခက်အခဲများနဲ့ ကြုံတွေ့နေရတာဖြစ်ပါတယ်၊

ဒီလိုအခြေအနေအောက်မှာ စစ်အုပ်စုနဲ့ စစ်အစိုးရဟာ။ သူတို့ရဲ့ရေရှည်အုပ်စိုးမှုကို အာမခံချက်ပေးမဲ့ အမျိုးညီလာခံဆိုတာကို ပွဲထုတ်လာနေခဲ့တာဖြစ်ပါတယ်၊ စစ်အုပ်စုနဲ့ စစ်အစိုးရဟာ လက်ရှိသူတို့ တွေ့ကြုံနေရတဲ့ အထွေထွေအကျပ်အတည်းချောက်ထဲက ပြန်ထွက်နိုင်ဖို့ နိုင်ငံရေးအခြေအနေတရပ် ဖန်တီးနေတာပဲ ဖြစ်ပါတယ်၊ လက်ရှိသူတို့တွေ့ကြုံနေရတဲ့၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးစုအရေး၊ ပညာရေး၊ ကျန်းမာရေး၊ သံတမန်ရေး စတဲ့အကျပ်အတည်းပေါင်းစုံကနေ သက်တောင့်သက်

# နိုင်ငံရေး၊ စည်းရုံးရေး လက်တွေ့အရပြောရရင် မြန်မာ့နိုင်ငံရေး ရှေ့တိုးနောက်ဆုတ်ကို ကိုယ်စားပြုနိုင်တဲ့လူပုဂ္ဂိုလ်နဲ့ ပေါ်လစီသြဇာရှိသူဟာ လက်ရှိအခြေအနေမှာတော့ ဒေါ်အောင်ဆန်းစုကြည်သာ ဖြစ်ပါတယ်၊

သာဖြစ်နိုင်တဲ့ နိုင်ငံရေးအခြေအနေတရပ်၊ နိုင်ငံရေးထွက်ပေါက်တခုရနိုင်ဖို့ နည်းစုံလမ်းစုံ မီးကုန်ယမ်းကုန် ကြိုးပမ်းနေချိန်ဖြစ်ပါတယ်၊ အမျိုးသားညီလာခံဆိုတာ သူတို့ရဲ့ လှန်ဖဲတချပ် ရှိုးဖဲတချပ်မျှသာဖြစ်ပါတယ်၊ ဒီလိုအခြေအနေခါမျိုးမှာ ကိုအေးလွင်တို့အုပ်စုရဲ့ သဘောထားကြော်ငြာချက်များ ထွက်ပေါ်လာတာဖြစ်တယ်၊ ဒါကို သတိမပြုပဲ နေလို့တော့မဖြစ်ပါ၊ လူထက် မှုက အန္တရာယ်ရှိလို့ဖြစ်ပါတယ်၊

ဘာကြောင့်လဲဆိုတော့ ဒီအသံဟာ။ (ကလေးအသံနဲ့ လူကြီးသဘောထားတွေ) ဖြစ်နေလို့ပါ၊ အမျိုးသားညီလာခံကတဆင့် စစ်အုပ်စုကို နိုင်ငံရေးထွက်ပေါက်ပေးပြီး၊ သူတို့လဲ ကျွဲကူးရေပါ စစ်အုပ်စုနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အမြီးစားဘက် ခေါင်းစားဘက်ဖြစ်ချင်လို့ပါ၊

မျက်မှောက်တည်ဆဲ နိုင်ငံရေးအခြေအနေဟာ ဒီလိုတတိယအင်အားစုအဖြင့် ထွက်ရပ်ပြီး ခေတ်ပြိုင်ပါဝါနဲ့ နိုင်ငံရေးအပေးအယူ လုပ်ကိုင်ကိုယ်ကျိုးရှာတဲ့လူ၊ အဖွဲ့အစည်း၊ ပေါ်လစီများကို မွေးထုတ်ပေးတတ်ပါတယ်၊ (GCBA ခေတ်။ (၉၁)ဌာနအုပ်ချုပ်ရေးခေတ်၊ ဘုရင်ခံအတိုင်ပင်ခံကောင်စီထဲ ဝင်ရေးမဝင်ရေးခေတ်။ (၁၉၄၆)တို့မှာ ဖြစ်ပေါ်ပြီးသား အယူအဆမျိုးတွေပါ)တကယ်က တတိယလမ်းစဉ် တတိယအုပ်စုဆိုတာ ခဏတာဖြစ်ပေါ်တည်ရှိတတ်တဲ့ နိုင်ငံရေးအချင်း အရာတမျိုးသာဖြစ်ပါတယ်၊ ပွဲသိမ်းတဲ့အခါ၊ တဖက်ဖက်မှာ ရှိကြရတာမျိုးပါ၊ နိုင်တဲ့ဘက်မှာ နေချင်နေ (သို့) ရှုံးတဲ့ဘက်က နေကြရတာချည်းပါ၊ စစ်တပ်ဘက်မှာ နေချင်နေ (သို့) ဒီမိုကရေစီဘက်မှာ နေ၊ ဒါပါပဲ၊ ကြားဆိုတာမရှိ တတ်ပါဘူး၊ (တွင်းကြားက ထွက်တဲ့လေ)ဆိုတာ အနံ့မကောင်းတတ်ပါဘူး၊

၃။ ကိုအေးလွင်တို့အုပ်စုက ထုတ်ပြန်တဲ့ သဘောထားအနှစ်ချုပ်ကတော့ ...

(၁) ခေါင်းဆောင်နဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့နိုင်ငံရေးဘဝက ဖယ်ထုတ်ဖို့ တောင်းဆိုထားပါတယ်၊ မင်းကိုနိုင်ကိုလည်း ဆူပူသောင်းကျန်းဖို့ လှုံ့ဆော်နေတာတွေရပ်ဖို့ စစ်အစိုးရဆန့်ကျင်ရေး ကံသုံးပါးအမှုကို မပြုဖို့ တောင်းဆိုထားပါတယ်၊မိုးသီးဇွန်လို မလုပ်ဖို့ လုပ်ရင် (ဒုတိယကြိုးမဲ့လေတံခွန်)ဖြစ်မယ်လို့ သတိပေးခြိမ်းခြောက်ထားပါတယ်၊ ကိုအေးလွင်လို လုပ်ပါလို့တော့ တည့်တည့်မပြောရဲရှာပါဘူး၊

(၂)မြန်မာပြည်သူလူထုကြီးရဲ့ တခဲနက်ဆန္ဒဖြစ်တဲ့ (၁၉၉၀)ရွေးကောက်ပွဲရလဒ်ကို (အချက်အလက်မဲ့ စွန့်လွှတ်ဖို့ တောင်းဆိုထားပါတယ်)

(၃)စစ်အစိုးရမကြိုက်တဲ့ အရာမှန်သမျှ စစ်အစိုးရအုပ်စိုးမှုကို ထိပါးစေတဲ့ ခြိမ်းခြောက်တဲ့ အကျပ်ကိုင်စေမဲ့ ဘယ်လိုပြည်တွင်းပြည်ပဖိအားပေးအကျပ်ကိုင်မှုမျိုးကိုမှ မပြုလုပ်ဖို့ တောင်းဆိုထားပါတယ်၊ (အတွင်းအနှစ်သာရက) စစ်အစိုးရထံ အကြွင်းမဲ့ လုံးဝဥသုံအပြီးအပိုင် ဘာခြွင်းချက်မှမရှိပဲ အညံ့ခံပူးပေါင်းကြဖို့ တောင်းဆိုထားပါတယ်၊

(၄)N.C ကို ပထမခြေလှမ်းအဖြင့် လှမ်းထားတဲ့ စစ်အစိုးရရဲ့ လမ်းပြမြေပုံဆိုတာ ခြွင်းချက်မရှိ လက်ခံပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုထားပါတယ်၊ သူတို့အုပ်စုကို တနည်းနည်းနဲ့ ဖိတ်ကြားပေးဖို့ အရှက်မရှိ တောင်းဆိုထားပါတယ်၊ တခွန်းထဲ အချုပ်ပြောရရင် ဒီမိုကရေစီအရေးတော်ပုံကြီးကတဆင့် ပြည်သူလူထုတရပ်လုံးက အသက်သွေးချွေးတွေနဲ့ ထုဆစ်သွန်းလုပ်ဖန်တီးဖြစ်ပေါ်လာတဲ့ ထွက်ပြူစဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အညွန့်အတက်၊ အဖူးအကင်း မှန်သမျှကို စစ်အစိုးရရဲ့ စစ်ဖိနပ်အောက်မှာ အနင်းအခြေခံလိုက်ကြဖို့ လည်စင်းခံလိုက်ကြဖို့ မိုက်မိုက်မဲမဲ သစ္စာမဲ့မဲ့ အောက်တန်းကျကျ တောင်းဆိုလိုက်ကြတာသာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၄။ (၁)ရှင်သန်နေတဲ့မဟာဗျူဟာ၊ နည်းဗျူဟာများ ခင်းကျင်းနိုင်တဲ့၊

(၂)လက်တွေ့ကျတဲ့ လူထုလုပ်ငန်းများနဲ့ လူထုကို ခေါင်းဆောင်မှုပေးတဲ့၊

(၃)ဒေါ်အောင်ဆန်းစုကြည် ရရှိပိုင်ဆိုင်ထားတဲ့ နိုင်ငံရေးခွန်အားနဲ့ လူထုတိုက်ပွဲခွန်အားကို အချိုးညီညီပေါင်းစပ်နိုင်တဲ့၊

(၄)ကျယ်ပြန့်တဲ့ ဒီမိုကရေစီအင်အားစုများကို စုစည်းစည်းရုံးနိုင်တဲ့ နိုင်ငံရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ကြမှသာ တသင်းတဖွဲ့ တပါတီတအုပ်စု အကျိုးစီးပွားအတွက် စစ်အစိုးရနဲ့ မူမဲ့ပေါင်းချင်တဲ့ ပေါ်လစီများကို ခုခံကာကွယ်တားဆီးနိုင်မှသာ မြန်မာ့ဒီမိုကရေစီအရေးတော်ပုံကြီးဟာ အနာဂတ်ရှိမှာဖြစ်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**မြန်မာ့နိုင်ငံရေးအကဲခတ်တဦး**

XXXXXXX

# နှစ်ဆယ့်တစ်ရာစုရဲ့ ဝေပွန်လက်သစ်များ

## အောင်မိုးဝင်း

**ပြကွက် ( ၁ )**

**ငယ်ငယ်တုံးက၊**
**ကုဗတုံးကစားနည်းတခုလို အရောင်ညှိယူနေဖို့**
**ကျနော်တို့မှာ အချိန်မရှိပါ။ သူငယ်ချင်း၊**
**ဘာဖြစ်သလဲ ကိုယ့်လူရဲ့ ----**
**မြွေဆိုလည်း မြွေ၊ ကျားဆိုလည်း ကျား**
**ကိုယ့်ဘာသာ၊ အဓိပ္ပါယ်ဖွင့်လိုက်စမ်းပါ။**

(မန္တလေးထောင်နံရံပေါ်က ကဗျာမှ)

ကျနော်တို့ ဗမာပြည်အရေးကဗျာ၊ မဟော်သဓာ၊ စီရင်ခဲ့ဘူးတဲ့ ဘီလူးမသားလုခန်းဇာတ်လမ်းလို ဖြစ်နေတယ်ဗျ။

ကျနော်တို့ကတော့၊ တိုင်းပြည်ကို ကိုယ့်သား သမီးလိုသဘောထားတော့ အဘက်ဘက်ကတွေး၊ အပွန်းအပဲ့ ဒဏ်ရာအနာတရမဖြစ်အောင် စဉ်းစားကြ စစ်အာဏာရှင်ဆိုတဲ့ ပုဂ္ဂိုလ်တွေကတော့ သရဲမရဲစီးပြီး နိုင်ငံကို လုယူနေလိုက်ကြတာ၊ သူတို့က နိုင်ငံတော်ကို ပိုင်ဆိုင်ရေးတခုဘဲရှိတာမို့လား။

**"ဒါဖြင့်ရင် ... ကိုယ့်သားသမီးလည်း အနာတရမဖြစ်အောင်၊ ဘီလူးသရဲတွေလက်ထဲကိုလည်းပါမသွားအောင်–"ချောဆီ" လေးတွေကိုလည်း စဉ်းစားကြည့်ပါလားဗျာ။"**

ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ မိတ်ဆွေတယောက်နဲ့ ဗမာပြည်ကကျောင်းလာတက်တဲ့ လူတယောက်၊ အခြေအတင်ဆွေးနွေးပွဲကို ကျနော်ငြိမ်ပြီး နားထောင်နေမိတယ်။ နှစ်ယောက်လုံးရဲ့ ဦးတည်ချက်က ပြည်သူတွေ ဆင်းရဲတွင်းနက် အထိနာနေတဲ့ပြဿနာကို ဘယ်လိုရှင်းမလဲ၊ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းမလဲဆိုတဲ့ မေးခွန်းတွေပါ။

ကျနော့်အာရုံတွေ ညောင်လေးပင်မြို့က ဆေးရုံလေးဆီ ရောက်နေတယ်။ တချို့ရက်တွေမှာ ဆေးရုံလူနာစာအုပ်မရှိလို့ ကျနော်ကိုယ်တိုင်လက်ရေးနဲ့ ဒီဖိုင်းဆွဲရေးပေးပြီး–– အဆုတ်ရောဂါရှင်တွေ တဖွဲဖွဲရောက်လာတဲ့ ခြောက်ကပ်သွေ့ခြောက်နေတဲ့ နွေရက်တွေ၊ ခိုကိုးရာမဲ့၊ ရှင်သန်မှုတွေ၊ တချို့ဆို မျှော်လင့်ချက်မဲ့ နှုတ်ခမ်းလွှာတွေ ---------- အော် --- ချောဆီတွေအကြောင်းစဉ်းစားရင်း ကျနော်တို့ချင်း ပခုံးချင်းတိုက်မိကြ၊ တချို့လူတွေကတော့ ဟားမတ်(စ်)၊ တမီးကျားအကြမ်းဖက်သမားတွေအကြောင်း ဟစ်ကြွေးကြပြီး သိတ်မကြာခင် အစိုးရခင်းထားတဲ့ ကော်ဇောနီပေါ် ထင်ရောင်ထင်မှားဟိတ်ဟန်ကြီးမှုတွေနဲ့ ရဲရဲကြီးချနင်းလိုက်ကြ။ **"မင်းတို့ ကောင်တွေနိုင်ငံရေးကို ကလိမ်ကကျစ်နဲ့ လူလည်ကျ၊ ပျူစောထီးတပ်တွေနဲ့ အတိုက်အခံတွေကို ဘယ်လို အနိုင်ကျင့်ခဲ့ကျင့်ခဲ့၊ ဆိုရှယ်လစ် ဒီမိုကရေစီစာအုပ်တွေကို၊ ဂိုထောင်ကြီးတခုထဲမှာ ဘယ်လောက်ပဲ သိမ်းထားသိမ်းထား၊ နောက်ဆုံးတော့ ဗိုလ်နေဝင်း ဆွဲထားတဲ့ ကြောင်လိမ်လှေခါးမြွေတွင်းလေးထဲမှာ (၃၃)ဦးအကြံပေးကော်မတီတခုလုံး ငြိမ်ငြိမ်လေး ပျားပျားဝပ်ခဲ့ရတာမို့လား။"**

ဆိုင်းသံတွေကြားနေရတယ်၊ အညာဘက်က ရွာတွေမှာ တခန်းရပ်ပြဇာတ်တိုတွေကို အမှတ်ရနေကြဆဲ၊ တရုတ်စကားပုံတခုမှာတော့ "သစ်ပင်ကြီးတပင်ကို ခုတ်ချလိုက်ရင် မျောက်တွေ ဆင်းပြေးသွားကြမှာပါ" တဲ့ ဒါပေမဲ့ ပြဿနာက ခိုနားစရာနေရာမရှိလို့ ရှုပ်ရှက်ခပ်အောင်ခုန်နေတဲ့ မျောက်တွေကို ကြည့်ရတာ ကျနော်တို့အတွက် မျက်စိနောက်စရာပါပဲ။

**ပြကွက် ( ၂ )**

BET လို့ခေါ်တဲ့ Black Entertainment Channel အကြောင်းပြောပြချင်ပါတယ်။ အာဖရိကန် အမေရိကန်တွေရဲ့ အနုပညာသွယ်တန်းမှု မီဒီယာတခုပါ။ လူ့အဖွဲ့အစည်းတခုရဲ့ မတရားမှုတွေကို ပြက်ရယ်ပြု အံတုရင်း၊ မျိုးချစ်စိတ်တွေ၊ မိမိရဲ့အသားအရောင်တူ လူမျိုးတွေ တန်းတူရေးအတွက် အနုပညာတိုက်ပွဲကို လက်ဆင့်ကမ်းရင်း နှစ်စဉ်နှစ်တိုင်း လေးစားဂုဏ်ပြုတဲ့ ဆုတွေ ချီးမြှင့်ခဲ့ပါတယ်။ လူသားချင်းစာနာထောက်ပံ့၊ နားလည်ကူညီတဲ့ဆုကို ကျနော်တို့ ပရိတ်သတ်တွေရဲ့ အသဲစွဲရုပ်ရှင်မင်းသား **ဒန်ဆဲလ်ဝါရှင်တန်က** ရရှိခဲ့ပါတယ်။ Morgan Freeman/Denzel Washington နဲ့ Magic Johnsen(N.B.A Basketball Player)တို့ရဲ့အံ့သြဖို့ကောင်းတဲ့အချက်က သူတို့ဟာ ရိုက်ကွင်းရိုက်နေဆဲကာလတွေမှာတောင် ငတ်မွတ်ခေါင်းပါးဆင်းရဲတဲ့ လူတွေ ရောဂါဒဏ်ရာတွေနဲ့ မျှော်လင့်ချက်မဲ့နေတဲ့ လူတွေဆီကို သွားပြီး ကူညီအားပေးလေ့ရှိပါတယ်။ အာဖရိကန်၊ အမေရိကန် အနုပညာသည်တွေရဲ့ပစ်မှတ်က သူတို့လူမျိုးတွေ ဆင်းသက်လာခဲ့တဲ့ အာဖရိကဒေသပါ။ ဒါပေမဲ့ ဆင်းရဲငတ်မွတ်တဲ့ ဒေသတွေဆီကို သွားတဲ့အခါ သူတို့က အစာတခုတည်း ယူသွားတာမဟုတ်ပါဘူး၊ အင်မတန်အားပြင်းတဲ့ စကားလုံးတွေ၊ အသက်ဝင်နေတဲ့ ပုံတိုပတ်စ အဖြစ်အပျက်တွေကို ရိုက်သွင်းရင်း အဲဒီဒေသက လူတွေရဲ့စိတ်ဓာတ်ကို တဖြည်းဖြည်း ဆွဲယူမြှင့်တင်ခဲ့ကြတာပါ။

ဆုပေးပွဲမှာ အခမ်းအနားမှူးတယောက်ဖြစ်တဲ့ ရုပ်ရှင်မင်းသား ဝီလ်စမစ်ရဲ့ အတွေ့အကြုံတခုက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ **"ကျနော်––မနှစ်နွေရာသီတုန်းက ကျနော့်ကို ရုပ်ရှင်မင်းသားဝီလ်စမစ်လို့ မသိတဲ့ အာဖရိကက နိုင်ငံလေးတခုကို ရောက်သွားခဲ့တယ်ဗျ။ ဟော်လီးဝုဒ် ကနေ ထွက်ပြေးခဲ့တဲ့ ရာသီလေးပေါ့ဗျာ။ အဲ့ဒီမှာ (၁၂)နှစ်အရွယ် အာဖရိကန်ကောင်လေးတယောက်က အိမ်ရှေ့က နံရံလေးဘေးမှာ အစာရေစာပြတ်ပြီး ပိန်လှီလျှောင်းနေတယ်။ နံရံပေါ်မှာ "ငါတို့ရှင်သန်ပါတော့မလား"လို့ ဖရိုဖရဲရေးထားတဲ့ စာသားတချို့ရယ်၊ သူ့မျက်လုံးတွေကလည်း မျှော်လင့်ချက်မဲ့ပြီး မြေကြီးကို လက်ညှိုးနဲ့ ထိုးခြစ်နေတယ်။ ကျနော် သူ့ဆီကိုသွားပြီး "ဟေ့–ဘယ်လိုလဲ ကောင်လေး ဘာတွေတွေးနေတာလဲကွ၊ မင်း ငါ့ကိုသိလား၊ ငါ့နာမည်က ဝီလ်စမစ်လေ ဟော်လီးဝုဒ်မှာ၊ သိတ်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသားပေါ့လို့ စပြောကြည့်မိတယ်။ အဲ့ဒီကောင်လေးက ခံစားမှုမရှိတဲ့အကြည့်နဲ့ ကျနော့်ကို ပြန်ကြည့်ပြီး ခေါင်းယမ်းပြတယ်။ ပြီးတော့ "ဆာလောင်တာဘဲသိတယ်"လို့ ခပ်ယဲ့ယဲ့ ဖြေလိုက်တယ်။ ကျနော်က ရေတာပုလင်းနဲ့ မုန့်တခုကိုပေးရင်း "နေပါအုံးကွ ၊ ဒီစာက ဘယ်သူရေးတာလဲ" ကျနော်က နံရံကို လက်ညှိုးနဲ့ထိုးပြရင်း မေးခွန်းတခု ထပ်မေးလိုက်တယ်။ အစာနည်းနည်းဝင်သွားလို့ ထင်ပါရဲ့၊ အဲ့ဒီ ကောင်လေးရဲ့ မျက်လုံးတွေ နည်းနည်းအသက်ပါလာတယ်။ သူငယ်ချင်းတယောက်ရေးသွားတာတဲ့ ကျနော့်ဆီက မုန့်ထပ်ရမလားဆိုတဲ့ မျှော်လင့်ချက်ပါတဲ့အကြည့်နဲ့ ကြည့်နေတယ်။ မေးခွန်းတခုမေးပြီး မုန့်တချပ်ထပ်ပေးဖို့ လိုတာပေါ့၊ ကျနော် မုန့်ကိုထပ်ပေးရင်း ခဏစောင့်ကြည့်နေတယ်။ ပြီးတော့ "ဟေ့ချာတိတ် နယူးယောက်က ဟာလမ်ဆိုတဲ့ နာမည်ကို ကြားဘူးလား"လို့ မေးလိုက်တယ်။ အဲ့ဒီကောင်လေးရဲ့ ခန္ဓာကိုယ်လေး လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။ သူမကြားဖူးဘူးဆိုတာ ကျနော်သိတာပေါ့၊ ကျနော်ဆက်ပြောလိုက်တယ်။ "ကြိုးစားပြီး မတ်တပ်ရပ်ကြည့်စမ်းကွာ**

**မင်း အားရှိလာပြီလို့ ငါထင်တယ်။ "ဒီမယ်ကောင်လေး နားထောင်စမ်း ငါတို့ အဲဒီလိုမှ မတ်တပ်မရပ်နိုင်ခဲ့ရင်" "ဟာလမ်"ဆိုတဲ့နေရာ ပေါ်မလာခဲ့ဘူး၊ ငါတို့လူမျိုးတွေ ခုလိုလူရာဝင်ခဲ့မှာ မဟုတ်ဘူးကွ"**

စိတ်ဝင်တစားနားထောင်နေတဲ့ ပရိတ်သတ်အားလုံး လက်ခုတ်တီး အော်ဟစ်ရင်း မတ်တပ်ထရပ်လိုက်ကြတယ်။တချို့က လက်သီးဆုတ်၊အံကြိတ်ပြီး သူတို့ရဲ့ပုဝါတွေကို အပေါ်ကို လွှင့်ပစ်လိုက်ကြတယ်။ တချို့က မျက်ရည်တွေကျပြီး တယောက်လက်ကိုတယောက် တင်းတင်းကျပ်ကျပ် ဆုတ်ကိုင်ထားကြလို့၊ ကျနော့်ခန္ဓာကိုယ်တခုလုံးလည်း ကြက်သီးထနေတယ်။ **ကြေကြေကွဲကွဲ ဘလူးဂီတသံတွေ၊ ဟိုး--ပင်လယ်ဆီက လှိုင်းတွေကတဆင့် အိမ်ကိုပြန်ဖို့ ခုန်ချထွက်ပြေးသွားတဲ့ အာဖရိကန်လူမဲကျွန်တွေ၊ ဖိနှိပ်မှု၊ မတရားမှု၊ နိုင်ထက်စီးနင်းစော်ကားမှုကို ပြန်တုံ့ပြန်နေတဲ့ ပေါက်ကွဲဂီတ၊ နောက် --- ရက်(ပ်) တေးဂီတနဲ့ လှုပ်ခါလန်းဆန်းနေတဲ့ မြို့တော်တခုထဲက ပင်လယ်ရဲ့ မနက်ခင်း (သို့မဟုတ်) ဟာလမ်ပြန်လည်ဆန်းသစ်ခြင်း၊**

တကယ်တော့ အာဖရိကန်တွေရဲ့ ဆုပေးပွဲအခန်းအနားကို ရုပ်ရှင်မင်းသားတွေ၊ဂီတပညာရှင်တွေက နိုင်ငံရေးစင်မြင့်အဖြစ် လှလှပပပြောင်းပစ်နိုင်ခဲ့ပါတယ်။ သူတို့ကို အရေးတယူအားပေးတဲ့ပရိတ်သတ်ကို နှုနှုရွရွစကားလုံးတွေ၊ ရယ်စရာအဖြစ်အပျက်တွေကိုထည့်ပြီး သူတို့လူမျိုးရဲ့ လျှောက်ရမဲ့လမ်း၊ မက်ရမဲ့ အိမ်မက်တွေအကြောင်း သတိပေးလှုံ့ဆော်ကြတာပါ။ ဒါဖြင့် "ဟာလမ်" ဆိုတဲ့နေရာက ဘယ်နေရာမှာ ရှိပါသလဲ၊အာဖရိကန်တွေရဲ့ သမိုင်းမှာ ဘယ်လောက်ထိအရေးပါခဲ့လို့ ခုလို လေးလေးနက်နက် ပြောဖြစ်နေခဲ့ကြတာပါလဲ။

## ပြကွက် (၃)

အာဖရိကန် စာပေ အနုပညာ ယဉ်ကျေးမှုရဲ့ လွတ်မြောက်ရေး သင်္ကေတ၊ သို့မဟုတ် အသဲနှလုံးဗဟိုချက်မကို ပြပါဆိုရင်၊ နယူးယောက်မြို့ 5th Avenue ကပ်ရက်မှာရှိတဲ့ အာဖရိကန်လူမျိုးတွေ ကြီးစိုးတဲ့နယ်မြေတခုကို ပြရပါလိမ့်မယ်။ **"Folks, brothers, sisters"** "လုပ်ဖော်ကိုင်ဘက်တို့ရေ" "ညီအကိုတော်တွေရေ" စတဲ့အားပါတဲ့စကားလုံးတွေသုံး၊ ကျောချင်းကပ်ထားပြီး အာဖရိကန်၊ အမေရိကန်တွေဟာ သူတို့ရဲ့လွတ်မြောက်ဒေသကို တည်ထောင်ခဲ့ကြပါတယ်။ "ဟာလမ်"ဆိုတဲ့နေရာကို ကျွန်ဘဝကို ခါးခါးသီးသီးဖြတ်ခဲ့ရသူအားလုံး နည်းပေါင်းစုံ ပုံသဏ္ဌာန်မျိုးစုံနဲ့ ရောက်လာကြတယ်။

တချို့က ကျွန်ပိုင်ရှင်စနစ်ကြောင့် သားတကွဲ၊ မိသားစုတကွဲဖြစ်ခဲ့ရ၊ ဘဝကိုကြမ်းကြမ်းတမ်းတမ်းတိုးခဲ့ရ၊ နောက်တော့ မူးယစ်ဆေးဝါးသုံးစွဲ၊လမ်းပေါ်မှာ အကြမ်းဖက်တိုက်ခိုက်၊ လူမိုက်ဂိုဏ်းခေါင်းဆောင်တွေ ဖြစ်ခဲ့ကြသလို၊တချို့ကတော့ နီဂရိုးအမျိုးသားသီချင်းကို နေထွက်လာတာနဲ့ အိမ်ရှေ့မှာရပ်ပြီး ဆို၊ ရက်ပ်တေးဂီတနဲ့ နယူးယောက်မြို့ကတဆင့် အနယ်နယ်အရပ်ရပ်ကို ပစ်ဖောက်အချက်ပေး၊ ခုတော့ "ဟာလမ်"မှာ ပျော့ပြောင်းညင်သာ အနုပညာဆန်မှုတွေ သွယ်ယှက်နေသလို၊ ကြမ်းတမ်းပေါက်ကွဲ သွေးထွက်သံယို ထိပ်တိုက်ရင်ဆိုင်မှုတွေက တရစပ်၊ ဒါကြောင့် အာဖရိကန်တွေရဲ့ ပင်လယ်ရဲ့မနက်ခင်းလို့ တင်စားခဲ့တာပါ။ လေနုအေးလည်း ရှိမယ်၊ ယောက်ယက်ခပ်နေတဲ့ မုန်တိုင်းလည်း ရှိမယ်။

"ဟာလမ်ပြန်လည်ဆန်းသစ်ခြင်း"ခေတ်ရဲ့ အရေးပါသူ မာယာအိမ်ဂျယ်လိုရဲ့ **"ငါကတော့ ခိုင်ခိုင်မာမာ ရပ်နေဆဲ"**ဆိုတဲ့ကဗျာထဲမှာတော့ ...

**သမိုင်းရဲ့ရှက်စရာကောင်းတဲ့ တဲအိမ်တွေရဲ့ အပြင်ဘက်မှာ**
**ငါကတော့ ခိုင်ခိုင်မာမာ ရပ်လို့ ----**
**နာကျင်မှုတွေနဲ့ အမြစ်တွယ်နေတဲ့ အတိတ်ရဲ့အပေါ်မှာ**
**ငါကတော့ ခိုင်ခိုင်မာမာ ရပ်လို့ ---------**
**ငါက အနက်ရောင်ပင်လယ်တခုပါ။**
**အကြမ်းဖက်မှုတွေ ကြောက်ရွံ့မှုတွေကို နောက်ကျောမှာ စွန့်လွှတ်ခဲ့ပြီး**
**ငါ ခိုင်ခိုင်မာမာ ရပ်ခဲ့တယ်။**
**ဒဏ်ရာတွေ၊ ဖူးရောင်ကွဲအက်နေတဲ့**
**ရှင်းရှင်းလင်းလင်း မနက်ခင်းတွေထဲ**
**ငါ ခိုင်ခိုင်မာမာရပ်ခဲ့တယ်။**

ဟာလမ်ရဲ့ကဗျာတွေ၊ စာသင်ခန်းတွေဆီ ရောက်ရှိလာခဲ့ပါပြီ၊ အမေရိကန်စာပေကို သင်မယ်ဆိုရင် လိုက်စတန်ယု(ဂ်)ကစပြီး အာဖရိကန်ကဗျာတွေကို စတင်မိတ်ဆက်ပေးနေပါပြီ၊ အမေရိကန်ပညာတတ်တွေမှာ လေးစားစရာကောင်းတဲ့အချက်ကတော့ သူတို့လူမျိုးတွေ ကျူးလွန်ခဲ့တဲ့ အမှားတွေကို အရိုးသားဆုံးဝန်ခံပြီး၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တွေမှာ သမိုင်းဖြစ်ရပ်တွေကို လေးလေးစားစား သင်ကြားကြခြင်းပါပဲ။ ခုတော့ အမေရိကန် နိုင်ငံရေးသမိုင်းကို သင်တဲ့သူတွေအားလုံးဟာ "ကိုလံဗတ်စ်ဟာ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်"ဆိုတဲ့စာကြောင်းနေရာမှာ "ကိုလံဗတ်စ်သည် အမေရိကတိုက်ကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီး၊ ဒေသခံပြည်သူများကို လူမျိုးစုသုတ်သင်ရှင်းလင်းရေး ကျူးလွန်ခဲ့သည်"ဆိုတဲ့စာကြောင်း၊ နေရာယူခဲ့သလို၊ အာဖရိကန်၊ အမေရိကန်တွေရဲ့မြို့ပြ အခွင့်အရေး လွတ်လပ်မှုတိုက်ပွဲတွေ၊သူတို့ရဲ့စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ စီးဆင်းဝေဆာမှုတွေကို လေးလေးစားစား သင်ကြားကြခြင်းပါပဲ။

**မှောင်မဲနေတဲ့ အတိတ်ထဲက ငါတို့ ဘာတွေသင်ကြားခဲ့တယ်ဆိုတဲ့ ယုံကြည်မှုအပြည့်ပါတဲ့ သီချင်းတွေကို ဆိုလိုက်စမ်းပါ။ ပစ္စုပ္ပန်ကို သယ်ဆောင်လာခဲ့ဘူးတဲ့ မျှော်လင့်ချက်အပြည့်ပါတဲ့ သီချင်းကို ဆိုလိုက်စမ်းပါ။ မြင့်တက်လာတဲ့ နေရောင်ကို မျက်နှာမူပြီး အောင်ပွဲကို မရမချင်းချီတက်ကြစို့။ အော်-တိတ်ဆိတ်နေတဲ့ မျက်ရည်တွေရဲ့ ဘုရားသခင် ----**
**ပင်ပန်းနွမ်းနယ်နေတဲ့ နှစ်တွေရဲ့ ဘုရားသခင် ----**

**နီဂရိုးအမျိုးသားသီချင်းကို ရေးဖွဲ့ခဲ့သူ ရှိုန်း(မ်)ဝယ်ဒန်ဂျွန်ဆင်ရဲ့ ကဗျာတွေကလည်း၊ Sindey Poitier ကို ဖြတ်ကျော်၊ Alicia Keys မျိုးဆက်ထိ လှုံ့ဆော်ရောက်ရှိခဲ့ပါပြီ၊**

## ပြကွက် (၄)

နယူးယောက်က ဟာလမ်အကြောင်းနဲ့၊ B.E.T က အနုပညာသည်တွေရဲ့ မျိုးချစ်စိတ်လှုံ့ဆော်မှုကို ပြောပြခဲ့တာ အကြောင်းရှိပါတယ်။

၁၉၈၈ ကာလတုံးက **အရေးတော်ပုံအေးလွင်**လို့ ကြွေးကြော်ခဲ့တဲ့ ပုဂ္ဂိုလ်က အရေးတော်ပုံဆိုတဲ့စကားလုံးဟာ သူနဲ့မထိုက်တန်တော့ဘူးဆိုတာ နားလည်သွားပုံ ရပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့လောက်တောင် နိုင်ငံရေးပါးနပ်မှုမရှိတဲ့ အေးလွင်က **ပြည်သူတွေလည်း မောင်းနှင်အား ဖြစ်လာမယ်၊ စစ်တပ်လည်း မောင်းနှင်အား ဖြစ်လာမယ်။ ဒါကြောင့် စစ်တပ်လက်ခံနိုင်ငံရေးလမ်းကြောင်းကို ရွေးကြပါ ဆိုပဲ**။

မကြာသေးခင်က အမေရိကားကို ကျောင်းလာတက်တဲ့ ကောင်လေးတယောက်က "ကျနော် ဒီကိုမလာခင် နိုက်ကလပ်တွေကို လိုက်ဖြန့်ဝေရတဲ့ အရက်ရောင်းကုန်မြှင့်တင်ရေးကုမ္ပဏီတခုမှာ လုပ်ခဲ့တယ်လေ။ နိုက်ကလပ်ကို လာအလုပ်လုပ်တဲ့ခန္ဓာကိုယ်ရင်းစားရတဲ့ မိန်းကလေးတွေအကြောင်း ပြောပြချင်တယ် အကိုရာ၊ ကလပ်ထဲမှာ သူတို့ဖောက်သည်ရသွားရင်တော့ ကောင်းတာပေ့ါ၊ မရရင်တော့ အဲဒီည ပြဿနာရှိတယ် အကိုရ။"

ကျနော်က "ဘာဖြစ်လို့လည်း"လို့ မေးကြည့်မိတယ်။

"တရက်မှာ ကျနော်လည်း အိမ်ပြန်မလို့ ဆိုင်ကယ်စက်နှိုးနေတုံး အဲဒီကောင်မလေးတချို့ရောက်လာပြီး "အကိုရယ်၊ ကျမတို့ကို ခေါ်တင်သွားပေးပါလား၊ ဒီညအတွက် ပိုက်ဆံပေးစရာမလိုပါဘူး၊ ကျမတို့ကို ကယ်ပါ အကိုရယ်" လို့ ပြောတော့ ကျနော်လည်း အံ့ဩသွားတယ်၊ သူတို့က ဆက်ပြီး ကျမတို့ အဖေါ်မရရင် ဟိုမှာတွေ့လား အကို၊ လမ်းထိပ်မှာ စစ်သားတွေ၊ သူတို့ ခေါ်သွားပြီး ကျမတို့ကို တညလုံးအားပေးကြမှာ"တဲ့ မလွယ်ပါဘူး အကိုရာ၊ ဒီကောင်တွေရှိနေသရွေ့ကတော့ လူတန်စားပေါင်းစုံ ဒုက္ခရောက်ကြအုံးမယ်" အေးလွင်ပြောတဲ့ စစ်တပ်လူတန်းစားက ပြည်သူကို မောင်းနှင်တယ်ဆိုတာ ဒီလိုမျိုးကို ပြောတာလား၊

စစ်တပ်က အနာဂတ်နိုင်ငံရေးဦးဆောင်မှုကို ယူချင်တယ်ဆိုတဲ့ဆန္ဒကို ကိုအေးလွင်တို့အုပ်စုက ကိုယ်စားပြုပြောပြပေးနေတော့ ဘုန်းတော်ကြီးဝေပွန်ဆို

တဲ့ပုဂ္ဂိုလ်ကို သွားသတိရနေမိတော့တယ်။ အရေးတော်ပုံကို ကောင်းကောင်း ဖြတ်သန်းဖူးရင် အရေးတော်ပုံရဲ့ သမိုင်းသင်ခန်းစာတခုကို ပြောပြချင်ပါတယ်။

၁၉၈၈ အရေးတော်ပုံကာလတုံးက ကျနော်တို့ ဥပမာပေးခဲ့တဲ့ ကိုလေး အောင်ရဲ့ ကဗျာတပုဒ်ထဲက သမိုင်းပါ။ **ဇာဘုရင်ရဲ့ နှိပ်ကွပ်ရက်စက်မှုကို မခံမရပ်နိုင်ဖြစ်ကြတော့ ရုရှားပြည်သူလူထုက ကရင်မလင်နန်းတော်ကို ချီတက်တောင်းဆိုဆန္ဒပြဖို့ သွားကြသတဲ့။ အဲဒီမှာ ဘုန်းတော်ကြီးဂေပွန်ဆိုတဲ့ ပုဂ္ဂိုလ်ရောက်လာပြီး "ဇာဘုရင်က သနားကြင်နာတတ်ပါတယ်၊ သူ့ကို ဆွေးနွေးကြည့်ရင် ရပါတယ်။ ပေါင်မုန့်လိုချင်တဲ့ကိစ္စကို သူဆွေးနွေးပေးပါ့မယ်"တဲ့၊ ဘုန်းတော်ကြီးဂေပွန်က လူထုကို ဆွေးနွေးနေတုံး၊ ကရင်မလင်နန်းတော်ဆီက သေနတ်သံတွေ စကြားလိုက်ရတယ်။ တယောက်ပြီးတယောက် သေနတ်ကျည်ဆံမှန်ပြီး လဲကျသေဆုံး၊ ကရင်မလင်နန်းတော်တခုလုံး သွေးချင်းချင်းနီ** --- လို့

အဲဒီမှာ လူတယောက်က ထအော်လိုက်တယ်၊ **"ရဲဘော်တို့ ဂေပွန်ဆိုတဲ့ ဘုန်းတော်ကြီးကို အလိုရှိအုံးမည်လော"**တဲ့၊

အမေရိကန်ဆန့်ကျင်ရေးတွေလုပ်၊ စစ်တပ်က မတရားပြုကျင့်နေတဲ့ ကိစ္စတွေ၊ ထောင်ကျနေတဲ့ သူငယ်ချင်းတွေကို မေ့ထား၊ စစ်အာဏာရှင်တွေ နှင်းချေထားတဲ့ ကျိုးကြေနေတဲ့ ဗမာပြည်အကြောင်း ဘာမှဝေဖန်စရာမလို၊ ယမ်းနံ့တွေရှူပြီး နေရတဲ့ဘဝမှာ ပျော်အောင်နေဆိုတော့ မောင်အေးလွင်က ဘုန်းတော်ကြီးဂေပွန်ထက်တောင် ဆိုးနေပါရော့လား။

**နိဂုံး**

ပြည်သူကို ချစ်တယ်၊ ရိုးရိုးသားသား သတ္တိရှိမယ်ဆိုရင်၊ ရုပ်ရှင်မင်းသားဝီလ်စမစ်လို ပြည်သူကို အစာလည်းကျွေး၊ အားပေးလှုံ့ဆော်တဲ့ စိတ်ကူးမျိုး တွေးကြည့်လိုက်ပါလား။

**ငယ်ငယ်တုံးက၊**
**ကုဗတုံးကစားနည်းတခုလို အရောင်ညှိယူနေဖို့**
**ကျနော်တို့မှာ အချိန်မရှိပါ။ သူငယ်ချင်း၊**
**ဘာဖြစ်သလဲ ကိုယ်လူရဲ့ ----**
**မြွေဆိုလည်း မြွေ၊ ကျားဆိုလည်း ကျား**
**ကိုယ့်ဘာသာ၊ အဓိပ္ပါယ်ဖွင့်လိုက်စမ်းပါ။**

အောင်မိုးဝင်း

XXXXXXX

# ဆဌမအကြိမ်မြောက် မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးမှ ရှေ့လုပ်ငန်းစဉ်များကို လက်တွဲရေးဆွဲခဲ့ကြ



၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ (၂၁)မှ (၂၃)အထိ ထိုင်းမြန်မာနယ်စပ်တနေရာတွင် ဆဌမအကြိမ်မြောက် မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးတရပ် ကျင်းပပြုလုပ်ခဲ့ကြသည်။

ထိုအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) (ENC)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)၊ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB)၊ မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက် (SYCB)နှင့် တိုင်းရင်းသားလူငယ်များဆုံရပ်တို့မှ ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး လက်ရှိပြည်တွင်းပြည်ပ အခြေအနေများကို အလေးအနက် ဆွေးနွေးသုံးသပ်ခဲ့ကြသည့်အပြင် လက်ရှိကြုံတွေ့နေရသော တိုင်းပြည်၏ အကြပ်အတည်းများမှ လွတ်မြောက်နိုင်ရန် နည်းလမ်းများလည်း ရှာဖွေညှိနှိုင်းဆွေးနွေးခဲ့သည်။

ထိုညှိနှိုင်းအစည်းအဝေးမတိုင်ခင် (၂၀၀၇၊ ဖေဖော်ဝါရီ ၁၆ ရက်နေ့)ကပင် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၏ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင်များကြားတွင် ထိုညှိနှိုင်းပွဲ၌ တင်ပြဆွေးနွေးကြမည့်အကြောင်းအရာများကို အကျယ်အပြန့်ဆွေးနွေးကာ ရှာဖွေစုစည်းနိုင်ခဲ့ကြပြီး FDB ကိုယ်စား ထိုညှိနှိုင်းပွဲသို့ တက်ရောက်ရန် ကိုငွေလင်း (DBNS)၊ ကိုသံခဲ (ABSDF) နှင့် မတင်တင်နွယ် (BWU) တို့အား ရွေးချယ်တာဝန်ပေးခဲ့သည်။

မဟာဗျူဟာ ညှိနှိုင်းအစည်းအဝေးတွင် (၃)ရက်နှင့် (၂)ည အကျေအလည်ဆွေးနွေးခဲ့ကြပြီး နိုင်ငံရေး ရည်မှန်းချက်အဖြစ် "စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး"တို့အား အဓိကရည်မှန်းချက်များအဖြစ် ထပ်မံအတည်ပြုခဲ့ကြကာ မဟာဗျူဟာ ရည်မှန်းချက်အဖြစ် ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို အခြေခံသည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးကို ထပ်မံအတည်ပြုခဲ့ကြသည်။

နည်းဗျူဟာများအဖြစ် လူထုစွမ်းအား၊ လက်နက်ကိုင်စွမ်းအား၊ နိုင်ငံရေးစွမ်းအား၊ နိုင်ငံတကာလှုပ်ရှားမှု စသည့် နည်းလမ်းပေါင်းစုံကို ကျင့်သုံးပြီး အကောင်အထည်ဖေါ်သွားမည်ဖြစ်ပြီး ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆုံးဖြတ်ချက်များ အခန်းတွင် ...

နအဖ၏ အချက် (၇)ချက်ပါ လမ်းပြမြေပုံကို အဆင့်တိုင်းတွင် နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်သွားမည် ဆိုသည့်အချက်အပါအဝင် ပြည်တွင်းလုပ်ငန်းစဉ်၊ စစ်ရေးလုပ်ငန်းစဉ်၊ နိုင်ငံတကာရေးရာလုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံဆိုင်ရာလုပ်ငန်းစဉ်များကို ရေးဆွဲချမှတ် အတည်ပြုနိုင်ခဲ့ကြသည်ဟု သိရှိရသည်။

XXXXXXX



# ဆရာဒဂုန်တာရာ၏ တော်ဘုရားလေးစာပေဆုပေးပွဲ

## ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ [၂၆]ရက်။ ညနေ [၄း၃၀]

## စိမ်းလန်းစိုပြေတွင် ပြောကြားသော အဖွင့်အမှာစကား

**မိတ်ဆွေများခင်ဗျား ...**

အမှာစကားပြောစရာကတော့ သိပ်များများစားစားမရှိပါဘူး၊ ဒီမင်းသားတော်ဘုရားလေးပေ့ါလေ၊ ကျွန်တော်ကတော့ မင်းသားနီလို့ ခေါ်ပါတယ်၊ အဲ့ဒီလို သူ့ကို ဖဆပလခေတ်ကတည်းက ခေါ်ခဲ့တာ၊ အဲ့ဒီစကားကိုလဲ သူကျေနပ်တယ်လို့ ထင်ပါတယ်၊ ဒီစာပေလုပ်ငန်းဟာ စာပေဖွံ့ဖြိုးမှုဟာ ငြိမ်းချမ်းရေးလုပ်ငန်းဖြစ်တယ်၊ ကျွန်တော်တို့တိုင်းပြည်ကို ပြောင်းလဲအောင် ပြုလုပ်ခဲ့တဲ့တော်လှန်ရေးတွေ လှုပ်ရှားမှုတွေမှာ စာပေရဲ့အခန်းက မသေးပါဘူး၊ ဒီလုပ်ငန်းဟာ စင်မြင့်ပေါ်မှာ နန်းတော်ထဲမှာ ပြောဆိုနေကြသလို မဟုတ်ပဲ စာလုံးတွေကို ကိုယ့်ခံစားမှုနဲ့ ကိုယ်ယုံကြည်ရာဖော်ပြပြီး တိုင်းပြည်အကျိုးအတွက် သိမ်မွေ့စွာ ဆောင်ရွက်တာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းလို့ ကျွန်တော်ပြောခြင်းဖြစ်ပါတယ်၊ ဒီနေ့အချိန်အခါမှာ နိုင်ငံရေးအကျပ်အတည်းက အထွေထွေလူမှု အကျပ်အတည်းတွေက လွတ်မြောက်ဖို့ လူတွေ အမျှော်လင့်အတောင့်တဆုံး အရာက ငြိမ်းချမ်းရေးပဲ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေး မရသေးဘူးဆိုတာ။ ငြိမ်းချမ်းရေး အားနည်းနေတယ်ဆိုတဲ့အကြောင်းရင်းက ... **ညီညွတ်ရေး အားနည်းနေတယ်ဆိုတာ** ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံအရ သမိုင်းအတွေ့အကြုံအရ နားလည်တာဖြစ်တဲ့အတွက် **ငြိမ်းချမ်းရေး မရှိခြင်းသည် ညီညွတ်ရေး မရှိသောကြောင့် ဖြစ်တယ်**လို့ ကျွန်တော်ပြောလေ့ရှိပါတယ်၊ ဘာကြောင့် ငြိမ်းချမ်းရေးမရှိတာလဲလို့ပြောကြရင် လွတ်လပ်ရေးကြောင့်ပါ၊ လွတ်လပ်ရေးဆိုတဲ့အဓိပ္ပါယ်က တန်းတူအခွင့်အရေးရှိတဲ့ လွတ်လပ်ရေးကိုဆိုလိုတာ၊ ကျွန်တော်တို့ လူလားမြောက်တဲ့ အရွယ်ပေ့ါဗျာ၊ အင်္ဂလိပ်ကိုလိုနီစနစ်လို့ ဟိုတုန်းကခေါ်ခဲ့ကြတဲ့ အချိန်ပေ့ါ သဘောတရားအရဆိုရင် နယ်ချဲ့စနစ်။ ကျွန်တော့်အမြင်အရ နယ်ချဲ့စနစ်ဟာ ဒီနေ့ခေတ်မှာ လွန်ခဲ့တဲ့နှစ်(၁၀၀)ကျော်တုန်းက အရင်းရှင်စနစ်လို ပြင်သစ်တော်လှန်ရေးကြီး ပြီးတဲ့အခါမှာ ဖြစ်ပေါ်ခဲ့တဲ့ အရင်းရှင်စနစ်က စတင်အခြေခံပြီး ကားလ်မာက်ရေးထားတဲ့ စာအရဆိုရင်တော့ ဖူးပွင့်စအရင်းရှင်စနစ်ကြောင့် စစ်တွေဖြစ်ခဲ့ရတယ်၊ နယ်ချဲ့ဝါဒလို့ခေါ်တဲ့ အခြားနိုင်ငံတွေကို သွားပြီးသိမ်းပိုက်ခဲ့တဲ့ အရင်ရှင်စနစ်မျိုးတွေရှိခဲ့ပါတယ်၊ ဒီနေ့တော့ အဲ့ဒီလို တရားဝင်နယ်ချဲ့စနစ်မရှိတော့ဘူးလို့ ကျွန်တော်ပြောချင်ပါတယ်၊ အဲ့ဒီတုန်းကတော့ နယ်ချဲ့စနစ်ကြောင့် ကွန်မြူနစ်လှုပ်ရှားမှု ဆိုတာပေါ်ခဲ့ပါတယ်၊ ဒီလိုပေါ်ခဲ့ပြီးနောက် (၁၉၉၁)မှာ ဆိုဗီယက်ပြည်ထောင်စုစနစ်ကြီး ပြိုကျသွားပြီး။ မရှိတော့ဘူးလို့ တချို့သော သမိုင်းသုတေသီတွေကဆိုခဲ့ကြပါတယ်၊ အဲ့ဒါကို ဘယ်လိုပြောကြသလဲဆိုတော့ သမိုင်းခေတ် ကုန်ဆုံးပြီ။ သမိုင်းဆုံးသွားပြီလို့ ရေးကြတယ်၊ ကျွန်တော်ကတော့ အဲ့ဒီလို မယူဆပါဘူး၊ နောက်မျိုးဆက်တွေ ရှိပါတယ်၊ နောက်မျိုးဆက်တွေက ဆက်လုပ်တဲ့အခါမှာ အရင်တုန်းကလို တပါတီစနစ်မျိုး မဟုတ်ပဲနဲ့ ဒီမိုကရေစီစနစ်။ ဒါကတော့ ဒီနေ့စကားဖြစ်မှာပေ့ါ၊ မြန်မာလိုပြောရရင်တော့ ပြည်သူ့ဘုံဝါဒစနစ်ပေ့ါဗျာ။

အဲ့ဒီကွန်မြူနစ်စနစ်ကိုလဲ ကျဆုံးတယ်လို့ ကျွန်တော်မယူဆပါဘူး။ နောက်ခေတ် နောက်ခေတ်မျိုးဆက်တွေက ဆက်လက်ဆောင်ရွက်ဆဲပဲလို့။ ကျွန်တော်ယူဆပါတယ်၊ အဲ့ဒီနည်းကတော့ လက်နက်ကိုင်တဲ့နည်းတော့ ဟုတ်ချင်မှဟုတ်မယ်၊ ငြိမ်းချမ်းတဲ့နည်း။ ကျွန်တော်တို့ကျောင်းသားဘဝက (၁၃၀၀)ပြည့်အရေးတော်ပုံ။ အတွေ့အကြုံအရဆိုရင် ငြိမ်းချမ်းတဲ့နည်း။ အကြမ်းမဖက်တဲ့နည်းနဲ့ပဲ အရင်းရှင်အစိုးရလို့ခေါ်တဲ့ နယ်ချဲ့အစိုးရကို ဆန့်ကျင်ခဲ့လို့ အောင်မြင်ခဲ့တာလို့ပဲ ကျွန်တော်ယူဆပါတယ်၊

အခုမျိုးဆက်တွေကတော့ ကျွန်တော့်အထင်ပေ့ါဗျာ။ သဘောတူသူလဲ ရှိကောင်းရှိနိုင်မယ်။ မတူသူလဲ ရှိချင်ရှိနိုင်မယ်၊ အဲ့ဒါက ဒီမိုကရေစီကွန်မြူနစ်စနစ်လို့ ကျွန်တော်ပြောချင်ပါတယ်၊ အဲ့ဒီတော့ ဒီစနစ်ရဲ့အခြေခံကတော့ အားလုံးအတွက် လိုအပ်နေတဲ့ ငြိမ်းချမ်းရေးပါပဲ၊ ငြိမ်းချမ်းရေးအတွက် ကျွန်တော့် အတွေ့အကြုံအရပြောရရင် ရန်သူမရှိ မိတ်ဆွေသာရှိ။ မုန်းသူမရှိ ချစ်သူသာရှိ။ နိုင်ငံရေး လုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေအဖြစ် ပြောင်းလဲအောင်လုပ်တာ အဲ့ဒီလိုပဲ ကျွန်တော်ထပ်ပြီး ပြောချင်ပါတယ်၊ အယူအဆကတော့ တချို့ကြိုက်နှစ်သက်ခြင်း ရှိဟန်မတူပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကတော့ ဒါကိုပဲ ထပ်ပြောချင်တဲ့အတွက် ဒီကနေ့ အမှာစကားပြောရာမှာ ရန်သူမရှိဆိုတဲ့ စကားအတွက် နည်းနည်းလေး ရှင်းခွင့်ရရင် ပြောချင်ပါတယ်၊ ရန်သူမရှိဘူးဆိုတာကတော့ ကျွန်တော်တို့နဲ့ ဆန့်ကျင်ဘက်မရှိဘူးလို့ ပြောတာမဟုတ်ပါဘူး၊ ဘယ်သူ့ကိုမှ ရန်သူလို သဘောမထားတာ ဖြစ်ပါတယ်၊ စကားအနေနဲ့ ကဗျာစကားလုံးလေးအဖြစ် လေးလုံးစပ်ကဗျာထဲမှာ ရန်သူမရှိလို့ပဲ ကျွန်တော်သုံးနှုန်းခဲ့ပါတယ်၊ ငြိမ်းချမ်းရေးရဖို့ဆိုရင် ရန်သူမရှိ မိတ်ဆွေသာရှိ။ မုန်းသူမရှိ ချစ်သူသာရှိ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာလို့ ပြောရမှာဖြစ်ပါတယ်၊ နောက်တချက်က ဒီနေ့ ကျွန်တော်တို့ နိုင်ငံဟာလည်း မငြိမ်းချမ်းဘူးပေ့ါဗျာ၊ အားလုံးသိတဲ့ အတိုင်းပဲ။ တော်တော်ဆိုးတဲ့နေရာတွေမှာဆိုရင် သတ်တာဖြတ်တာတွေတောင် နေ့တိုင်းဖြစ်နေတာပဲ၊ အဲ့ဒါတွေဖြစ်ရတဲ့ အကြောင်းရင်းကတော့ သဘောထားဗျာ၊ နိုင်ငံရေးသဘောထားပေ့ါ၊ တချို့စစ်ပွဲတွေဖြစ်ရတဲ့ အကြောင်းတွေကိုကြည့်ရင် ဘာသာရေးကိစ္စ၊ စီးပွားရေးကိစ္စ စတာတွေ တွေ့ရမှာပါ၊ နိုင်ငံရေးအရ မဖြေရှင်းနိုင်ကြလို့။ စစ်ပွဲတွေဖြစ်ခဲ့ကြတယ်၊ အဲ့ဒီလို ရှုပ်ထွေးတဲ့ပြဿနာတွေကို ဖြေရှင်းဖို့ဟာ ငြိမ်းချမ်းတဲ့နည်း နိုင်ငံရေးနည်းအရ ဖြေရှင်းမှသာ ပြေလည်နိုင်ပါတယ်၊ ဒါကြောင့်မို့ စစ်နဲ့ငြိမ်းချမ်းရေးကို တွဲပြီး ပြောနေရတာ ဖြစ်ပါတယ်၊ အဲ့ဒါကြောင့် ရန်သူမရှိ မိတ်ဆွေသာရှိကို ထပ်ပြီးပြောရဦးမှာပဲ၊ အဲ့ဒါကို ကိုင်ဆွဲသွားမယ်ဆိုရင်ဖြင့် ကျွန်တာ်တို့နိုင်ငံဟာ အများကြီး ချမ်းသာကြွယ်ဝတဲ့ နိုင်ငံဖြစ်မယ်။ သာယာတောင့်တင်းတဲ့ နိုင်ငံဖြစ်မယ်၊ စာပေယဉ်ကျေးမှုတွေ လွှပ်လွှပ်လပ်လပ်နဲ့ ဖွံ့ဖြိုးဖူးပွင့်တဲ့ နိုင်ငံဖြစ်မယ်၊ အင်မတန် အဆင့်အတန်းမြင့်တဲ့ နိုင်ငံရေး ယဉ်ကျေးမှုကြီး ထွန်းကားမယ်၊ ဒါကြောင့် ထပ်ပြီးပြောဦးမယ်ဗျာ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင်လုပ်တာလို့ ပြောရင်းနဲ့ပဲ။ ဒီနေ့ကျင်းပတဲ့ စာပေဆုပေးပွဲပေ့ါဗျာ။ ကျွန်တော့်အခေါ်အရတော့ မင်းသားနီနဲ့ ကျွန်တော်ပေါင်းသင်းခဲ့တဲ့ အတွေ့အကြုံအရ မင်းသားနီဟာ စာပေရဲ့ အတွေးအမြင် အာနိသင်ကို ကောင်းကောင်းကြီးသိတဲ့အတွက် သူရဲ့နာမည်နဲ့ စာပေဆုပေးခြင်းကို ကျွန်တော် အများကြီး ဝမ်းသာမိတယ်လို့ ပြောရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်၊

ဆရာဒဂုန်တာရာ

# တလတွင်း သတင်းမှတ်စု

## နိုင်ငံတကာ – မြန်မာ

- ❑ အမည်အသိ လူအင်အား(၃၀)ခန့်သည် ယနေ့မွန်းလွဲ(၁)နာရီကျော်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးရှေ့မှ ဖြတ်လျှောက်ပြီး (၃)ရက် မြောက်အဖြစ် စာရွက်များ ကိုင်မြောက်ကာ (၁၀)မိနစ်ခန့် ဆန္ဒပြခဲ့ကြောင်း သိရသည်။ **(NEJ 010207)**
- ❑ နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အိန္ဒိယအစိုးရ အနေဖြင့် အကူအညီပေးရန် တောင်အာဖရိက ဘုန်းတော်ကြီး **Desmond Tutu** က ယမန်နေ့ နယူးဒေလီတွင်ကျင်းပသည့် ဂန္ဒီငြိမ်း ချမ်းရေးဆု(၂၀၀၅)ကို လက်ခံသည့် အခမ်းအနား၌ တိုက်တွန်းပြောဆိုလိုက်သည်။ **(Irrawaddy/ Mizzima/ DVB 010207)**
- ❑ ကြံ့ဖွံ့အဖွဲ့တွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့သည့် ကျောင်းသူကျောင်းသားများကိုသာ နိုင်ငံရပ်ခြားကို ပညာတော်သင်သွားခွင့် ပြုမည်ဟု ပညာရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်ထားသည်ဟု သိရှိရသည်။ **(DVB 010207)**
- ❑ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးရှေ့တို့တွင် ဂျန်နဝါရီလ (၃၀)ရက်နေ့မှ ယနေ့အထိ (၃)ရက်ဆက်တိုက် လူ (၃၀) ဝန်းကျင် စီပါသည့်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(DVB 010207)**
- ❑ အမေရိကန်နှင့် ဗြိတိန်သံရုံးများရှေ့ ဆန္ဒပြမှုများသည် ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်များမဟုတ်ဘူးဟု ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက ပြောဆိုလိုက်သည်။ **(DVB 010207)**
- ❑ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** တပ်မဟာ(၇) တပ်မဟာမှူးဟောင်း ဗိုလ်မှူးချုပ် ထိန်မောင်ခေါင်းဆောင်သည့် **KNLA** ငြိမ်းချမ်းရေးကောင်စီအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး **KNU** ဗဟိုကော်မတီ၏ အရေးပေါ်သတင်း စာရှင်းလင်းပွဲတရပ်ကို **KNU** အထွေထွေအတွင်းရေးမှူးချုပ်ရုံးတွင် ယနေ့ညနေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(NEJ 020207)**
- ❑ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများအားဆန့်ကျင်သည့် ကိုအေးလွင်အဖွဲ့၏ ရန်ပုံငွေရှာပွဲတွင် မပါလိုသောကြောင့် ဂီတဝိုင်းများ က ငြင်းကြကြောင်း ဂီတအစည်းအရုံးဝင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(Irrawaddy 020207)**
- ❑ ဇန်နဝါရီလ (၃၁)နေ့တွင် ကြေညာချက်အမိန့်အမှတ် ၂/၂၀၀၇ဖြင့် ထုတ်ပြန်သည့် ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ငြိမ်းချမ်းရေးကောင်စီအဖွဲ့အား လုံးဝမသိ၊ လုံးဝမပတ်သက်၊ လုံးဝလက်မခံ မိမိတို့အမည်များကို အလွဲ သုံးခြင်းသာဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးစောဘိုမြ၏ဇနီးနော်လာဖိုးက ပြောဆိုလိုက်သည်။ **( KNU / VOB 030207)**
- ❑ မြောက်ဥက္ကလာပမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း၊ နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်သည့် ကို မောင်မောင်ညို(၄၅)နှစ်သည် ယနေ့နံနက်ပိုင်းတွင် ဦးနှောက်သွေးကြောပြတ်၍ မြောက်ဥက္ကလာပဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရသည်။ **( DVB 030207)**
- ❑ နအဖအစိုးရအနေဖြင့် **KNU** နှင့် တပ်ပေါင်းစုကြီးကို မည်သို့မျှ ဖြိုခွဲ၍မရနိုင်သည်ကို သိသင့်ကြောင်း၊ ယနေ့ကျရောက်သည့် **KNU** ထူထောင်ခြင်း နှစ်(၆၀)ပြည့်အခမ်းအနားတွင် **KNU** ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာမလာဘောက ပြောကြားသည်။ **(NEJ 050207)**
- ❑ ဗိုလ်ချုပ်ကြီးမြ၏ မိသားစုအမည်များထည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ငြိမ်းချမ်းရေးကောင်စီ၏ ကြေညာချက် ၂/၂၀၀၇ကိုလက်မခံကြောင်း၊ တပ်မဟာ (၇)သည် ထိုစဉ် အကြီးအကဲ **Brig** ထိန်မောင်ကို မထောက်ခံဘဲ **KNU** ဗဟိုကိုသာ ထောက်ခံကြောင်း၊ ယင်းလုပ်ကြံကြေညာချက် သတင်းများနောက် **KNU**သည် ပို၍ပင်စုစည်းခိုင်မာကြောင်း၊ **KNU** ဥရောပကိုယ်စား လှယ် **Brig Saw Hsar Gay**မှ ဆိုသည်။ **(Shan/ VOB 060207)**
- ❑ ထုတ်ပယ်ခံထားရသော ဗိုလ်မှူးချုပ် ထိန်မောင်နှင့်ပူးပေါင်းခဲ့သည့် ကရင်စစ်သား(၆၀)ကျော်သည် **KNU** လက်အောက်ရှိ ကရင်အမျိုး သားလွတ်မြောက်ရေးတပ်မတော် **KNLA** တပ်မဟာ (၇) ထံသို့ ပြန်လည်ဝင်ရောက်လာသည်ဟု **KNU** အထွေထွေအတွင်းရေးမှူး ပဒို မန်းရှာက ပြောသည်။ **(Irrawaddy 070207)**
- ❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD**သည် တရားဝင်နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတကာနှင့် ဆက်သွယ်ပိုင်ခွင့်ရှိပြီး ယမန်နေ့ထုတ် နအဖပိုင်သတင်းစာများမှ စွပ်စွဲချက်များသည် မနာလိုမရှုဆိတ်သည့်သဘောဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း **NLD**ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(NEJ 080207)**
- ❑ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** တပ်မဟာ(၇)မှ တပ်မဟာမှူးများနှင့်မဟာမိတ်အဖွဲ့အစည်းအချို့မှ ခေါင်းဆောင် များ ယမန်နေ့ ကတွေ့ဆုံကာ အားပေးဆွေးနွေးပွဲတရပ်ပြုလုပ်ရာတွင် တပ်မဟာ(၇)မှူး ဗိုလ်မှူးချုပ်စောဂျော်နီက ငြိမ်းချမ်းရေးအတွက် **KNU**ကို ဆက်သွယ်မည်ဆိုပါက တရားဝင်နည်းလမ်းဖြင့်သာ ဆက်သွယ်ရန်လိုအပ်သည်ဟု ပြောကြားသည်။ **(NEJ 080207)**
- ❑ နအဖက ကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေသည့်အကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(တစည) တွဲဘက်အတွင်းရေးမှူး ဦးခင်မောင်ကြီးက ပြောသည်။ **(RFA 090207)**
- ❑ ၈၈မျိုးဆက်ကျောင်းသားလူငယ်များအဖွဲ့ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဝံသာနု **NLD** (ပြည်ထောင်စုမြန်မာနိုင်ငံ)နှင့်အတူ နောက်တိုးအမည်ခံ အဖွဲ့(၅)ဖွဲ့တို့ စုပေါင်းပြီး စီးပွါးရေးပိတ်ဆို့မှုနှင့်ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆန့်ကျင်သည့် ဆွေးနွေးပွဲတစ်ခုကို ရန်ကင်းမြို့နယ် ကျောင်းကုန်းကျောင်းကြီးတိုက်တွင် ယနေ့ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(DVB 090207)**
- ❑ နအဖစစ်တပ်တွင် တာဝန်ထမ်းဆောင်နေသော ဗိုလ်ကြီးမှ ဗိုလ်မှူးကြီးအဆင့်ရှိ စစ်အရာရှိ(၈၅၀)ခန့်ကို အရပ်ဖက်ဝန်ကြီးဌာနများသို့ ပြောင်းနိုင်ရန် အငြိမ်းစားပေးလိုက်ကြောင်း ယခုလ(၈)ရက်နေ့တွင် တပ်တွင်းညွှန်ကြားချက် ထုတ်ပြန်ခဲ့ကြောင်း စစ်ရုံးချုပ်နှင့် နီးစပ်သူ များက ပြောသည်။ **(RFA 110207)**

- ဗိုလ်မှူးချုပ်ထိန်မောင်နှင့်မိသားစုဝင်(၁၁)ဦး၊ တပ်ဖွဲ့ဝင်(၃၀၉)ဦးအဖွဲ့ကို စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ရတခ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းတို့သည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးရွာတွင် ယမန်နေ့နံနက်က ကြိုဆိုခဲ့ ကြောင်း ယနေ့ နအဖသတင်းစာများတွင် ဖေါ်ပြထားသည်။ (NEJ 120207)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဌ ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်မံတိုးမြှင့်လိုက်ခြင်းသည် ဥပဒေအကြောင်းအရ မှန်ကန်မှုမရှိဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ကန့်ကွက်ပြောဆိုလိုက်သည်။ (Mizzima / DVB 140207)
- CRPPသည် တရားဝင်အဖွဲ့အစည်းမဟုတ်ကြောင်း၊ ၁၉၈၈ခုနှစ် အသင်းအပင်းများအက်ဥပဒေအရ ထောင်ဒဏ်(၅)နှစ် အထိရှိ ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ဥက္ကဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးအေးသာအောင်တို့ကို ယနေ့နေ့ လည်ပိုင်းတွင် အထက်လူကြီးအမိန့်အရဆိုပြီး ရဲချုပ်ခင်ရီက ခေါ်ယူသတိပေးခဲ့ကြောင်း သိရသည်။ (NEJ 150207)
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPPသည် တရားဝင်အဖွဲ့အစည်းမဟုတ်ကြောင်း ရဲချုပ်ဗိုလ်မှူးကြီး ခင်ရီ၏ စွပ်စွဲပြောဆိုမှု ကို CRPP အဖွဲ့က ငြင်းဆိုလိုက်သည်။ (Irrawaddy 160207)
- ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ အားလုံးပါဝင်သည့် မဟာဗျူဟာ ညှိနှိုင်းရေး အစည်း အဝေးတစ်ခုအား ယနေ့ ထိုင်း-မြန်မာနယ်စပ်တွင် ကျင်းပနေကြောင်း ရှမ်းသံတော်ဆင့်သတင်းတွင် ဖေါ်ပြထားသည်။ (DVB 210207)
- ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်မြန်မာ့ငြိမ်းချမ်းရေးအတွက် ဘန်ကောက်မြို့မှ ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့သို့ ခရီးရှည်လမ်းလျှောက် ဆန္ဒ ပြနေသည့် ဦးပဥ္စင်း နှစ်ပါး၊ ကိုရင်တစ်ပါးနှင့် ကပ္ပိယတစ်ဦးတို့အား ထောက်ခံသည့်အနေဖြင့် မြန်မာနိုင်ငံသားတစ်ဦးက မဲဆောက်မြို့ လယ် ဘုန်းကြီးကျောင်းတွင် ယနေ့နံနက်မှစတင်၍ တစ်ကိုယ်တော် အစာတော်ခံဆန္ဒပြလျက်ရှိကြောင်း သိရသည်။ (NEJ 210207)
- နအဖအစိုးရနှင့် KNU အကြား ငြိမ်းချမ်းရေးရရှိရေး ကြားဝင်ဆောင်ရွက်သူ ဒေါက်တာ စောစိုင်မွန်သည် ဂျပန်အစိုးရ၏ ကူညီထောက်ပံ့ ငွေ အမေရိကန်ဒေါ်လာ (၇၈,၀၀၀)ဖြင့် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် အထူးကုဆေးခန်းဖွင့်ရန် အဆောက်အဦးဆောက်လုပ်နေ ကြောင်း သိရသည်။ (Irrawaddy 210207)
- အပစ်အခတ်ရပ်စဲရေးပြုလုပ်ရန်အတွက် ချင်းအမျိုးသားတပ်ဦး CNF နှင့် နအဖစစ်အစိုးရတို့အကြား ပဏာမအဆင့် ဆွေးနွေးပွဲများ မတ်လအတွင်း ပြုလုပ်ရန် အစီအစဉ်ရှိကြောင်း CNF နှင့် နီးစပ်သည့် သတင်းရပ်ကွက်များအရ သိရသည်။ (Mizzima 210207)
- မြန်မာပြည်လူထုရင်ဆိုင်ကြုံတွေ့နေရသည့် အထွေထွေအကျပ်အတည်းများကို ဖြေရှင်းပေးရန် နအဖအား မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကော်မတီ MDCက တောင်းဆိုသည့် လူ(၅၀)ဦးပါသည့်ဆန္ဒပြပွဲတစ်ခု ယနေ့မွန်းလွဲ(၃)နာရီခွဲခန့်၌ ရန်ကုန်မြို့ လူစည်ကားရာ မဟာ ဗန္ဓုလလမ်းမပေါ် တွင် ဖြစ်ပွါးခဲ့ပြီး ဆန္ဒပြပွဲအဖွဲ့ခေါင်းဆောင်ဟု ယူဆရသူ ကိုထင်ကျော်နှင့် ကိုမြင့်ရွှေအပါအဝင် သတင်းထောက်အချို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ (NEJ/ Irrawaddy 220207)
- ယခုအပတ်အစောပိုင်းတွင် KNU တပ်မဟာ(၇)တပ်ထောက်ယောင်း ဗိုလ်မှူးရင်နအပါအဝင် ကရင်လူမျိုး(၂၀)ခန့်သည် ဗိုလ်မှူးချုပ် ထိန်မောင်၏ KNU ခွဲထွက်အဖွဲ့နှင့်ပူးပေါင်းခဲ့သည်ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 220207)

■ ■ ■ ■

## မြန်မာ

- နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အိန္ဒိယအစိုးရ အနေဖြင့် အကူအညီပေးရန် တောင်အာဖရိက ဘုန်းတော်ကြီး Desmond Tutu က ယမန်နေ့ နယူးဒေလီတွင်ကျင်းပသည့် ဂန္ဒီငြိမ်း ချမ်းရေးဆု(၂၀၀၅)ကို လက်ခံသည့် အခမ်းအနား၌ တိုက်တွန်းပြောဆိုလိုက်သည်။ (Irrawaddy/ Mizzima/ DVB 010207)
- ၂၀၀၇-၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း (၁၀၀)တန်ဖိုးကို နအဖလုပ်ဆောင်နေသည့် အထူးစီးပွားရေးဇုန်တွင် ဗီယက်နမ်က အဆင့်မြင့်နည်းပညာဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်ဟု မြန်မာ-ဗီယက်နမ်ဖက်စပ် ကုန်သွယ်ရေးကော်မတီက ပြောဆိုသည်။ (XINHUA / VOB 010207)
- ယခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် နောက်ထပ် မြန်မာနိုင်ငံကအလုပ်သမား (၁၀,၀၀၀)အား လုပ်ကိုင်ခွင့်ပေးသွားရန် ထိုင်းကြားဖြတ် အစိုး ရက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ (VOA 010207)
- မြန်မာနိုင်ငံစစ်တွေမြို့ ဆိပ်ကမ်းများကို ပြုပြင်တိုးချဲ့ရေးအတွက် ဒေါ်လာ သန်း(၁၃၀) အကုန်ကျခံတည်ဆောက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရမှ ပြောဆိုလိုက်သည်။ (India's Express /VOB 020207)
- နအဖ၏ တတိယသြဇာအကြီးဆုံးဟုဆိုသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီးစဉ်အဖြစ်ရောက်ရှိနေပြီး တရုတ်နိုင်ငံ၏ စစ်ဖက်အရာရှိကြီးများအပြင် တရုတ်ဝန်ကြီးချုပ် Wen JiaBaoနှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ (VOA 020207)
- နအဖသည် ခရစ်ယာန်များကို နှိပ်ကွပ်ခြင်းရပ်တန့်ရန်နှင့် ဗြိတိန်အနေဖြင့် စုံစမ်းရန် ဗြိတိန်အစိုးရအား ဗြိတိန်ရှိ မြန်မာအဖွဲ့မှ တောင်းဆို၏။ ( LDN. Inspire pmapmif / VOB 050207)
- အီရန်အပါအဝင် နျူကလီယား စွမ်းအင်ကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် သုံးစွဲသည့်နိုင်ငံများကို မြန်မာနိုင်ငံက ထောက်ခံအားပေး ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အီရန်သံအမတ် Mohsen Pak-Ayeenအား နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ယမန်နေ့တွင် ပြောကြားလိုက်သည်။ (IRNA/ NEJ/ Irrawaddy/ DVB 060207)
- အမျိုးသားညွန့်ပေါင်းအစိုးရ NCGUB နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB တို့မှ ကိုယ်စားလှယ်အချို့သည် လက်ရှိ ဥရောပသမဂ္ဂ၏ အလှည့်ကျသဘာပတိဖြစ်သည့် ဂျာမဏီနိုင်ငံ အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာ့အရေးများ တင်ပြခဲ့ကြောင်း သိရသည်။ (VOA 060207)

- ပြီးဆုံးခဲ့သည့် ပါရီမြို့တော်တွင် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ၏ UNICEF အဖွဲ့ကြီးတို့ ပူးတွဲကျင်းပပေးခဲ့သည့် ကလေးစစ်သားများအသုံးမပြုရေး နှစ်ရက်ကြာညီလာခံကို ကလေးစစ်သား စုဆောင်းအသုံးပြုသည်ဟု ကုလသမဂ္ဂကဖော်ထုတ်အသိ အမှတ်ပြုထားသော နိုင်ငံပေါင်း ၁၂ နိုင်ငံထဲမှ မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံတို့တက်ရောက်ခြင်းမရှိကြောင်း သိရသည်။ (VOA 080207)
- နိုင်ငံတကာဆိုရှယ်လစ်လူငယ်များသမဂ္ဂ International Union of Socialist Youth- IUSYမှ ၂၀၀၇ ခုနှစ်အတွက် Anna Lindh ငြိမ်းချမ်းရေးဆုကို အိန္ဒိယနိုင်ငံအခြေစိုက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားအဖွဲ့ချုပ် ABSLကို ယခုလ(၂)ရက်နေ့က ချီးမြှင့်လိုက် ကြောင်း သိရသည်။ (Mizzima 080207)
- မြန်မာနိုင်ငံကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် ဖိအားပေးသည့်ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂက တွန်းအားပေးခြင်းသည် မှားယွင်းခဲ့သည်ဟု တောင်အာဖရိကအစိုးရအသံလွှင့်ဌာန (SABC)နှင့် တွေ့ဆုံမေးမြန်းခန်းတွင် တောင်အာဖရိကသမ္မတ Thabo Mbeki က ဝေဖန်ပြစ်တင်ခဲ့ကြောင်း သိရသည်။ (VOA 120207)
- မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်သွားကြရန် ထိုင်းနှင့် အိုမန်နိုင်ငံတို့ သဘောတူညီလိုက်ကြသည်ဟု သိရသည်။ (RFA 130207)
- ယနေ့ကျရောက်သည့် ချစ်သူများနေ့ အထိမ်းအမှတ်အဖြစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ မြန်မာသံရုံးရှေ့တွင် “မြန်မာခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေး” “နှလုံးသားရှိပါ”စသည့်အသည်းပုံ ပိုစတာများ ကိုင်ဆောင်၍ ဖိလစ်ပိုင်နိုင်ငံသား ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက ဆန္ဒပြပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။ (AP/ NEJ 140207)
- တောင်အာဖရိကနိုင်ငံသည် အသားအရောင်ခွဲခြားခံရသည့် အတိတ်သမိုင်းရှိခဲ့ပါလျှက်နှင့် လူ့အခွင့်အရေးချိုးဖေါက်သူ နအဖအစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတင်သည့်ကိစ္စတွင် ဘာကြောင့်မထောက်ခံခဲ့သလဲဟု တောင်အာဖရိကနိုင်ငံကို ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ပယ်ရီက မေးခွန်းထုတ်လိုက်ကြောင်း သိရသည်။ (RFA 140207)
- အသက် ၈၀ အရွယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကို နအဖစစ်အစိုးရက အိမ်အကျယ်ချုပ်သက်တမ်းတိုးရန် မကြာသေးခင်က ဆုံးဖြတ်ခဲ့တာနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးရုံး ထိပ်တန်းအရာရှိ အီယန် မက်ကာနီ Ian McCartney က ဆန့်ကျင်ဝေဖန်လိုက်ကြောင်း ယနေ့ ကြေညာချက်ထုတ်ပြန်လိုက်သည်။ (VOA 150207)
- ပူးတွဲစစ်ဆင်ရေးပြုလုပ်သည့်အခါ အတူလုပ်ဆောင်နိုင်ရန် နအဖစစ်တပ်အရာရှိများကို အင်ဒိုနီးရှားမှ လေ့ကျင့်သင်ကြားမှုများပြုလုပ် ပေးရန် ဂျာကာတာတွင်ပြုလုပ်သည့် အင်ဒိုနီးရှား-မြန်မာနှစ်နိုင်ငံပူးတွဲကော်မရှင်အစည်းအဝေးပွဲတွင် သဘောတူညီခဲ့ကြောင်း ယမန် နေ့၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Hassan Wirajura က ပြောသည်။ (KYODO/ VOB 150207)
- British Virgin ကျွန်းစုတွင်မှတ်ပုံတင်ပြီး စင်္ကာပူအခြေစိုက် MPRL E&P Ltd သည် ထိုကျွန်းစုမှ Rimbunan Petrogas Ltd နှင့် တွဲ၍ မြန်မာနိုင်ငံတွင် ဓာတ်ငွေ့ရှာဖွေရေးစာချုပ်တစ်ခု ဇန်နဝါရီလ၌ ချုပ်ဆိုခဲ့ကြောင်း သိရသည်။ (LDN/ VOB 160207)
- အိန္ဒိယသည် မြန်မာနိုင်ငံနှင့် စီးပွားဆက်ဆံမှုပြုလုပ်ခြင်းမှ အာဆီယံဈေးကွက်တွင်းသို့ ထိုးဖောက်ဝင်ရောက်မည့် တံခါးပေါက်အဖြစ် သတ်မှတ်ကာ နိုင်ငံထွက်ကုန်များကို မြန်မာနိုင်ငံမှတဆင့် အာဆီယံနိုင်ငံများသို့ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ (BERNAMA/ VOB 170207)
- ဖေဖေါ်ဝါရီ (၁၅)ရက်နေ့ အိန္ဒိယနိုင်ငံ ကလကတ္တားဆွေးနွေးပွဲအရ အိန္ဒိယ-မြန်မာကုန်သွယ်ရေးသည် ဥရောပဘုံသုံးငွေ ယူရိုဖြင့် ပေးချေဖွယ်ရှိကြောင်း သိရသည်။ (Mizima 170207)
- (၁၃)ကြိမ်မြောက် အိန္ဒိယ-မြန်မာတွေ့ဆုံဆွေးနွေးပွဲအပြီး အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံအကြား နယ်စပ်လုံခြုံရေး တိုးမြှင့်ရေးဆိုင်ရာနှင့် နယ်စပ်ကုန်သွယ်ရေး တိုးမြှင့်လုပ်ဆောင်ရန် နအဖပြည်ထဲရေးဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အိန္ဒိယပြည်ထဲရေး အတွင်းဝန် V K Duggal တို့ ပြီးခဲ့သည့် သောကြာနေ့က သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ (VOA 180207)
- ဘန်ကောက်မြို့ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးတို့ရှေ့တွင် ဆန္ဒပြမည့်သူများကို ဘန်ကောက်မြို့ရှိ မြန်မာသံရုံးက ထိုင်းကုမ္ပဏီများမှတဆင့် လိုက်လံစုဆောင်းနေကြောင်း ထိုင်းလုပ်ငန်းရှင်များနှင့် နီးစပ်သည့်အသိုင်းအဝိုင်းမှ သိရသည်။ (NEJ 210207)
- အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မကောက်မိရေးအတွက် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု သိရသည်။ (ANI/ VOB 220207)
- နော်ဝေနိုင်ငံ Trondheim မြို့တွင် ပြီးခဲ့သည့် နာရီပိုင်းအတွင်းက ကျင်းပခဲ့သည့် နိုင်ငံတကာကျောင်းသားပွဲတော်၌ ရှမ်းအမျိုးသမီး လူ့အခွင့်အရေးတိုက်ပွဲဝင်သူ နန်းချန်တောင်းကို ၂၀၀၇ခုနှစ်အတွက် ကျောင်းသားငြိမ်းချမ်းရေးဆု ချီးမြှင့်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (VOA 240207)
- တရုတ်-မြန်မာ အိမ်နီးနားချင်း နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးမြှင့်ရေးအတွက် နအဖအတွင်းရေးမှူး(၁) ဒု-ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ၏ နိုင်ငံတော်ကောင်စီဝင် တန်ဂျီယန်ရွှမ်း Tang Jiaxuan သည် နေပြည်တော်သို့ ယနေ့ ရောက်ရှိ လာကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြထားသည်။ (VOA 250207)

(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၇ ခုနှစ်၊ ဖေဖေါ်ဝါရီလမှ ထုတ်နုတ်ဖော်ပြသည်။ ■

■ ■ ■ ■